# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၁၉ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
( ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် )
[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသား လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက် နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့်က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယ ခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြ န်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၉ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ၁၉ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး ၁၉ ရက်မြောက်နေ့မှာ အမျိုးသား လွှတ်တော် ကိုယ် စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှ ယ်ဦးရေစုစုပေါင်း ၂၁၈ ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို ၂၀၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၉၅.၄၁ ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ အစည်းအ ဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပု ဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့ အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရအစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမ အကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၁၉ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့

လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးကျွန်ခဲန်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)**။ ။ ချစ်ခင်လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းသည် ရန်ကုန်မြို့အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက် တွင်နေထိုင်သောသူ့အစ်ကိုကြီးညကဆုံးသွားပါသဖြင့်အစ်ကိုရဲ့အသုဘကိစ္စအဝဝကိုဆောင်ရွက် နိုင်ပါရန်၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့၊ ၁၉ ရက်နေ့ ၊၂၀ ရက် နေ့ ၊၂၁ ရက်နေ့ စုစုပေါင်း(၄)ရက်ကို အစည်းအဝေးတက်ရောက်နိုင်ခြင်းရှိမ ည် မဟုတ်ပါသဖြင် ့ ခွင် ့အဖြစ် သတ်မှတ်ပေးပါရန် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးကျွန်ခဲန်းမှ ဦးဇုန်လှယ်ထန်းကိုယ်စား ခွင် ့ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းရဲ့ ခွင့်(၄)ရက် တိုင်ကြားမှုကို လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးအောင်ချိုဦး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေးသည် ညီဖြစ်သူ၏ ကျန်းမာရေးအခြေအနေအား သွားရောက်ပြုစုရမည်ဖြစ်ပါသဖြင့် ၁၆-၉-၂၀၁၁ ရက်နေ့ အမျိုးသားလွှတ်တော်တက်ရောက်ခြင်းမှ ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဒေါက်တာခင်မောင်လေးကိုယ်စား ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးအောင်ချိုဦးက ခွင့်တိုင်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး ရဲ့ ခွင့် (၁)ရက် တိုင်ကြားချက်ကို လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။ ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှ တ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးသန်းဆွေ တင်ပြပါ။

**အချိန်၊ ၁၀း၀၄။**

**ဦးသန်းဆွေ၊မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းသည် မိခင်ဖြစ်သူ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဦးနှောက်သွေးခဲရောဂါဖြင့် တက်ရောက် ကုသနေရပါသဖြင့် မိခင်ဖြစ်သူအား ပြုစုစောင့်ရှောက် နိုင်ရန် မန္တလေးမြို့သို့ သွားရောက်နေရပါသဖြင့် ၁၆-၉-၂၀၁၁ ရက်နေ့တွင် အမျိုးသားလွှတ်တော်တက်ရောက်ခြင်းမှ ခွင့်အဖြစ် သတ်မှတ်ပေး ပါရန် ဦးအောင် သန်း ကိုယ်စား ကျွန်တော် မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၇)မှ ဦးသန်းဆွေမှ တိုင်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မကွေးတိုင်းဒေသကြီး၊မဲဆန္ဒနယ်အမှတ်(၁၀)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းရဲ့ ခွင့် (၁)ရက် တိုင်ကြားချက်ကို လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးစောအုန်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းသည် အစ်မဖြစ်သူ နာရေးကိစ္စပေါ်ပေါက်လာသဖြင့် မွန်ပြည်နယ်၊ ပေါင်မြို့သို့ အလျင်အမြန် သွားရောက်နေ ရပါသည်။ သို့အတွက် ယနေ့ အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိပါခင်ဗျား။ သို့ပါ၍ ယနေ့ ၁၆-၉-၂၀၁၁ ရက်နေ့ ပျက်ကွက်သည့်နေ့အတွက် ဦးဇော်ဝင်းအား ခွင့်(၁)ရက် ပေးပါရန် ဦးဇော်ဝင်းကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ကျွန်တော် ဦးစောအုန်း က ခွင့်ပန်ကြား အပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ် တော်ကိုယ်စားလှယ်ဦးဇော်ဝင်း ၏ ခွင့်(၁)ရက် တိုင်ကြားမှုကို လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးသက်လင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးသက်လင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာ ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသိန်း သည် အစာအိမ်ရောဂါဖြစ်နေပြီး၊ ဆရာဝန်မှ အနားယူရန် ညွှန်ကြားလာပါသဖြင့် ၁၆-၉-၂၀၁၁ ရက်နေ့ ခွင့်(၁)ရက် ခွင် ့ပြုပေးပါရန် ဦးဝင်းသိန်း ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ကျွန်တော် ဦးသက်လင်း က ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသိန်း ရဲ့ ခွင့်(၁)ရက် တိုင်ကြားမှုကို လွှတ်တော်ရဲ့ သဘောထားရယူ ပါမယ်။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိ ယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ ၂၁၈ ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၅ ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄) နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအ ဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက် ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခုလွှတ်တော်ကိုယ်စားလှယ် ငါးဦးက မေးမြန်းသည့် မေးခွန်း များသည် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြား ရမည့် မေးခွန်း များ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်အတွင်းရှိ ဒေသခံ လယ်သမားများအား ရေနက်ကွင်းဒေသများကို စိုက်ပျိုးမြေအဖြစ် ခွဲဝေပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးရဲမြင့် က ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ် အတွင်းရှိ ဒေသခံလယ်သမားများအားရေနက်ကွင်း ဒေသများကို စိုက်ပျိုးမြေအဖြစ် ခွဲဝေပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ ညောင်လေး ပင်မြို့နယ် နှင့် ကျောက်တံခါးမြို့နယ်အတွင်းမှာ စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် အရှေ့နဲ့အနောက်ပေါ့လေ။ ရေနက်ကွင်းနေရာတွေဟာ ဧကသောင်းနဲ့ ချီပြီးရှိနေပါတယ်။ တစ်ချိန်တုန်းက အဲဒီနေရာတွေကို ကုမ္ပဏီတွေကို ရေ နက်ကွင်းစိုက်ပျိုးရေးအတွက် ဟို တစ်ချိန်က နေရာချ ပေးပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုမရှိတာကို ကျွန်တော်တို့ ဒေသခံလူထုကလည်း တွေ့ရှိခဲ့ကြပါတယ်။ အခုရေသွားရေလာသိသူ ၊ ရေနက်ကွင်းမြေဆီအတက်အကျကို သိသူ၊ မုတ်သုန်မိုး အတိုး/အဆုတ်ကိုသိသူ ဒေသခံလယ်သမားတွေအနေနဲ့ ရေနက်ကွင်းစပါးစိုက်ဖို့ နေရာခွဲဝေ ချထားပေးရင် ပိုမိုအောင်မြင်မယ်လို့ သူတို့ခံယူတဲ့အတွက် ဒေသခံများက ခွဲဝေမှုကို မျှော်လင့်လျက် ရှိပါတယ်။ ယခင်က သူတို့ရေနက်ကွင်းဒေသတွေမှာ အစဉ်အလာအားဖြင့် လုပ်ကိုင်နိုင်ခြင်း မရှိတာကတော့ အကြောင်းအမျိုးမျိုး ရှိပါတယ်။ လယ်ဧက လုံလောက်နေတာ တို့ နောက်တစ် ခုက စရိတ်ပိုမိုကုန်ကျပြီး တော့ စက်ယန္တရားအကူအညီကို ယူရမှာဖြစ်တာတို့၊ ရိုးနဲ့ရေနက်ကွင်းဒေသတွေဟာ ရိုး နဲ့ထုတ်ရာမှာဖြစ်တာတို့ ဒါတွေ အကြောင်းကြောင်းကြောင့်ပါ။ နိုင်ငံတော်အစိုးရကလည်း ဒီကျေးလက်ဒေသဖွံ့ဖြိုးရေး ကို အဖက်ဖက်က ဦးစားပေးပြီး ဆောင်ရွက်နေတာဖြစ်တာကြောင့် သူတို့အနေနဲ့ ဒီဟာတွေကို ပြ န်လည်စိုက်ပျိုးလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ အရင်က ဘိုးဘေးလက်ထက်တွေမှာ အမွေခံရခဲ့တဲ့ လယ်ဧကအနည်းငယ် ဟာလည်း အခုတိုးပွား လာတဲ့ လူဦးရေကြောင့် မလောက်မင ဖြစ်ပြီး လယ်မဲ့ယာမဲ့ သားမြေး တွေဟာ သူတို့ရေနက်ကွင်းနေရာချပေးရင် ၊ သက်ဆိုင်ရာက လိုအပ်တာ တွေ ပံ့ပိုးပေးရင် သူတို့စိုက်ပျိုးနိုင်မယ်လို့လည်း ယုံကြည်လျက်ရှိပါတယ်။ ဒါ့ကြောင့် ဒေသခံများဟာ ရေနက်ကွင်း ဒေသများ စိုက်ပျိုးမြေအဖြစ် ခွဲဝေပေးရန် ရှိ /မရှိနဲ့ ရှိပါက နိုင်ငံတော်က ပူးပေါင်း ပံ့ပိုးပေးမယ့် အစီအစဉ်တွေကိုပါ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင် ပါတယ်။

**ပြည်သူပိုင်သိမ်းယူခဲ့သော ရာဘာခြံများအား မူလပိုင်ရှင်သို့ ပြန် ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် ပြန်လည်ပေးအပ်ခြင်းမပြုပါက မူလပိုင်ရှင်များအား နစ်နာကြေး (လျော်ကြေး)ပေးရန် အစီအစဉ် ရှိ / မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးအုန်းတင်က ပြည်သူပိုင်သိမ်းယူခဲ့သော ရာဘာခြံများအား မူလပိုင်ရှင်သို့ ပြန်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် ပြန်လည်ပေးအပ်ခြင်း မပြုပါက မူလပိုင်ရှင်များအား နစ်နာကြေး (လျော်ကြေး)ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ဧည့် သည်တော်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအား ကျွန်တော်ဒီနေရာက အရိုအသေ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ဖြစ်ပါတ ယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းက တော့ ဒီရာဘာခြံတွေကို ပြည်သူပိုင်သိမ်းတဲ့ကိစ္စမှာ ပြည်သူပိုင်သိမ်းတဲ့ ရာဘာခြံတွေကို မူလပိုင်ရှင်သို့ ပြန်ပေးမလား။ ဒါမှမဟုတ် နစ်နာကြေးပေးမလားဆိုတဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အား စာဖြင့် ဖတ်၍ မေးခွင့်ပြုပါရန် လျှောက်ထားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး းခင်ဗျား။နံပါတ်(၁)မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးစနစ်ကို ကျင့် သုံးခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပေသည်။ အထူးသဖြင့် ဆန် စပါး စိုက်ပျိုးရေးကို အဓိက အားထားနေရသော နိုင်ငံတစ်ခုဖြစ်ပေ သည်။ ထို့ကြောင့်ပင်လျှင် လယ်ယာမြေနှင့် ပတ်သက်သော ဥပဒေများကို ကျင့်သုံးရာ၌ လယ်ယာမြေဟူသောစကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဆန်စပါးစိုက်ပျိုးသောမြေနှင့်ဆန်စပါးစိုက်ပျိုးသေတောင်သူလယ်သမားများကို ဦးစားပေး၍ ကာကွယ်ပေးခဲ့ကြသည့်အတွက် အခြားသော စက်မှုကုန်ကြမ်း အသီးအနှံနှင့်အပင်များကို စိုက်ပျိုးခဲ့ကြသော တောင်သူလုပ်ငန်းရှင်များ၊ နစ်နာဆုံးရှုံးခဲ့ရသည်ကို တွေ့ရှိခဲ့ရ

ပေသည်။နံပါတ်(၂)၁၉၆၃ခုနှစ် သီးစားချထားရေးဥပဒေနှင့် ၁၉၆၃ ခုနှစ် တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့် ဥပဒေတို့တွင် လယ်ယာမြေဆိုသည်မှာ စိုက်ပျိုးရေးအတွက် အသုံးပြုသည့် သို့တည်းမဟုတ် လက် ရှိထားရှိသည့် မြေကိုဆိုလိုသည်ဟု ဖော်ပြထားပြီး ထိုစကားရပ်၏ ရှင်းလင်းချက်များတွင် ထိုစကားရပ်တွင် လူအများ အခေါ်အဝေါ်အားဖြင့် လယ်ယာကိုင်းမြေဟုသော်လည်းကောင်း၊ကြက်ပေါင်စေး၊ခနိဥယျာဉ်ခြံမြေဟုသော်လည်းကောင်း ဟင်းသီးဟင်းရွက် ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ ကျွန်း၊ မြေနုကျွန်းပေါ် ဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများ ပါဝင်သည်ဟု ဖော်ပြထားပါသည်။ သို့ဖြစ်ပါ၍ ဆန်စပါးစိုက်ပျိုးသော တောင်သူလယ်သမားများအား အကာအကွယ်ပေးနေသကဲ့သို့ ရာဘာပင် စိုက်ပျိုးသော တောင်သူများကိုလည်း အကာအကွယ် ပေးရန် နို င်ငံတော်တွင် တာဝန်ရှိ နေပါသည်။ နံပါတ်(၃)ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၈ ပုဒ်မ ၃၅ တွင် နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၀ တွင် နိုင်ငံတော်သည် စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် နည်းပညာ အရင်းအနှီး စက်ပစ္စည်း ကုန်ကြမ်းစသည်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၆ (ဃ) တွင် နိုင်ငံတော်သည် စီးပွား ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြုဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားပြီး ၃၀-၃-၂၀၁၁ ခုနှစ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးအပါအဝင် ဖွဲ့စည်းတည်ဆောက်ပုံ ဆိုင်ရာ ပြောင်းလဲမှုများကိုလည်း လုပ်ဆောင်ထားပြီး ဖြစ်ပါတယ်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ သို့ဖြစ်ပါ၍ နံပါတ် (က) လယ်ယာလုပ်ရန် မသင့်လျော်သော မြေပေါ်တွင် သက်ဆိုင်ရာ အာဏာပိုင်တို့၏ ခွင့်ပြုချက်ဖြင့် စိုက်ပျိုးပြီးမှ ပြည်သူပိုင်သိမ်းယူထားခဲ့သော ရာဘာခြံများအား မူလပိုင်ရှင်များလက်သို့ ပြန်ပေးပါမည်လား။ နံပါတ်(ခ) အကယ်၍ ထိုရာဘာခြံများအား မူလပိုင်ရှင်များလက်သို့ ပြန်လည်ပေးအပ်ခြင်း မပြုလျှင် ပြည်သူပိုင် အသိမ်းခံရသဖြင့် ဆုံး ရှုံးနစ်နာခဲ့သော မူလပိုင်ရှင်များအား နစ်နာကြေး (လျော်ကြေး) ပေးပါမည်လားဟူ၍ သိချင်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကချင်ပြည်နယ် မိုးညှင်းခရိုင်နှင့် ဗန်းမော်ခရိုင်အတွင်း စိုက်ပျိုးရေရရှိ ရန် လက်ရှိပျက်စီး ယိုယွင်းလျက်ရှိသော ဆည်များအား ပြ နိလည်ပြုပြင်ရန်နှင့် ဆည်အသစ်များ ထပ်မံတိုးချဲ့ တည်ဆောက်ပေးရန် အစီအမံများ ရှိ/ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ၊** ။ဆက်လက်ပြီး ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်က ကချင်ပြည်နယ် မိုးညှင်းခရိုင်နှင့် ဗန်းမော်ခရိုင်အတွင်း စိုက်ပျိုးရေရရှိရန် လက်ရှိ ပျက်စီး ယိုယွင်းလျက်ရှိသော ဆည်များအား ပြန်လည်ပြုပြင်ရန်နှင့် ဆည်အသစ်များ ထပ်မံတိုးချဲ့ တည်ဆောက်ပေးရန် အစီအမံများ ရှိ / မရှိ နှင့် စပ်လျဥ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြ ည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၅)မှအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ဖြစ်ပါတယ်။ အခု ကျွန်တော်မေးမယ့် မေးခွန်းကတော့ ကချင်ပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ စတုတ္ထစပါးကျီဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက် အောင်မြင်ဖို့ အတွက် မိုးညှင်းခရိုင် နှင့် ဗန်းမော် ခရိုင် အတွင်းမှာ စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်း တာတမံများ တည်ဆောက်ပေးဖို့ အစီအစဥ် ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်ကြီး(၈)ရပ် ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ဒီလုပ်ငန်းစဥ်(၈)ရပ်အနက်လယ်ယာကုန်ထုတ် လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဟာ အခြေခံကျပြီး အရေးပါလှတာဖြစ်ပါတယ်။

ကျွန်တော်တို့ ကချင်ပြည်နယ်မှာလည်း နိုင်ငံတော်ရဲ့ စတုတ္ထစပါး ကျီဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ချမှတ်ပြီး မိုးညှ င်းခရိုင် နှင့် ဗန်းမော်ခရိုင်တို့မှာ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါတယ်။ ဒီလို အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ စပါးစိုက်ဧက တိုးချဲ့ခြင်း

ထက် တစ်ဧကစပါးအထွက်နှုန်း တိုးတက်ထုတ်လုပ်နိုင်ဖို့အတွက် မျိုးကောင်းမျိုးသန့် စပါးများ အသုံးပြုပြီး ရေသွင်းစိုက်ပျိုး ခြင်းနည်းနဲ့ အားသွန်ခွန်စိုက် စိုက်ပျိုးလျက်ရှိပါတယ်။ ဒီနေရာမှာ ဆန်စပါး အဓိကစိုက်ပျိုးထုတ်လုပ်တဲ့ အိမ်နီးနားချင်းနိုင်ငံများကို လေ့လာသုံးသပ် ကြည့်မယ် ဆိုရင်လည်း မျိုးကောင်းစပ် မျိုးစပါးများနဲ့ ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ သွင်းအားစု မြေဩဇာ များနဲ့အသုံးပြုပြီးရေသွင်းစိုက်ပျိုးခြင်းနည်းနဲ့ စိုက်ပျိုးထုတ်လုပ် အောင်မြင်နေတာကို ကျွန်တော် တို့ လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စတုတ္ထစပါးကျီဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက် အောင်မြင်ဖို့အတွက် ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ရှိတဲ့ ပြည်နယ်ရဲ့ စပါးကျီများ ဖြစ်တဲ့ မိုးညှင်းခရိုင်နဲ့ ဗန်းမော်ခရိုင်အတွင်းမှာ စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်မြောင်း တာတမံများ တည်ဆောက်ပေးဖို့ အထူးပဲ လိုအပ်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ စိုက်ပျိုးရေ ရရှိရေး အတွက် စီမံကိန်းချမှတ်ပြီး ဆည်မြောင်းတာတမံများကို တည်ဆောက်ပေးခဲ့ပါတယ်။ သို့ပါသော် လည်း ကချင်ပြည်နယ်တွင်တည်ဆောက်ပေးခဲ့တဲ့ဆည်မြောင်းတာတမံများဟာ သက်တမ်းကာလ ကြာရှည်လာတာနဲ့အမျှ တ ချို့သော ဆည်များဟာ ပျက်စီးယိုယွင်းနေ တာကြောင့် ပြန်လည် ပြုပြင်တည်ဆောက်ပေးဖို့ လိုအပ်သလို ဆည်အသစ်များလည်း ထပ်မံတိုးချဲ့တည်ဆောက်ပေးဖို့ လိုအပ်လျက်ရှိပါတယ်။ အထူးသဖြင့် ကချင်ပြ ည်နယ် မိုးညှင်းမြို့နယ်မှာ ဧက ၄၀၀၀ ကျော် အကျိုးပြုနိုင်မယ့် တကွင်း ရေလွှဲဆည်နဲ့ ဗန်းမော်ခရိုင် ဗန်းမော်မြို့န ယ်မှာ ဧက ၁၂၀၀ ကျော် အကျိုးပြုနိုင်မယ့် ပါတိန်းရေလွှဲဆည်တို့ကို တည်ဆောက်ပေးနိုင်ခဲ့ မယ်ဆိုရင် ကချင်ပြည်နယ် အတွင်းမှာ ဆည်ရေသောက် ဧရိယာများ တိုးပွားလာပြီးတော့ တစ်သီးမှ နှစ်သီး ၊ သုံးသီးအထိ တိုးတက်ထုတ်လုပ်နိုင်ပြီးတော့ ကျေးလက်နေ တောင် သူလယ်သမားများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်လာမှာ အမှန်ဧကန်ပဲဖြစ်ပါတယ်။ သို့ပါသောကြောင့် မြန်မာနိုင်ငံရဲ့ စတုတ္ထစပါးကျီ ဖြစ်ဖို့အတွက် ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ မိုးညှင်းခရိုင်နဲ့ ဗန်းမော်ခရိုင်အတွင်းမှာ စိုက်ပျိုး ရေရရှိရေး အတွက် ဆည်မြောင်းတာတမံများ ပြန်လည်ပြုပြင်တည်ဆောက်ပေးဖို့နဲ့ ဆည်အသစ် များ တိုးချဲ့ တည်ဆောက်ပေးဖို့ အစီအမံများရှိ /မရှိနဲ့ ရှိပါက တည်ဆောက် ပေးမယ့် အစီအမံ များကို သိရှိလိုပါသောကြောင့် ဒေသခံ တောင်သူလယ်သမားများကိုယ်စား လေးစားစွာ မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ် ၊ နမ္မတူမြို့နယ်အတွင်းရှိ အချို့ဒေသခံ တောင်သူလယ်သမားများ၏ လယ်ယာမြေများ လက်လွတ်ဆုံးရှုံးခဲ့ရမှုများ ဖြစ်ပေါ်နေခြင်းကို မည်သို့သော အစီအစဉ်များဖြင့် ဖြေရှင်းပေးသွားမည်ကို သိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစိုင်းသန့်ဇင်က ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ နမ္မတူမြို့နယ် အတွင်းရှိ အချို့ဒေသခံတောင်သူလယ်သမားများ၏ လယ်ယာမြေများ လက်လွတ်ဆုံးရှုံးခဲ့ရမှုများ ဖြစ်ပေါ်နေခြင်းကို မည်သို့သော အစီအစဉ်များဖြင့် ဖြေရှင်းပေးသွားမည်ကို သိလိုပါကြောင်းနဲ့စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ရှမ်းပြည်နယ်မြောက်ပိုင်းကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ နမ္မတူမြို့နယ် အတွင်းမှာရှိတဲ့ ဒေသခံ တောင်သူလယ်သမားအချို့ရဲ့ လယ်ယာမြေတွေ လက်လွတ် ဆုံးရှုံးခဲ့ရတဲ့ ကိစ္စတွေကို ဘယ် လိုအစီအစဉ်နဲ့ ဖြေရှင်းပေးသွားမယ်ဆိုတာကို သိလိုတဲ့အတွက် မေးမြန်းတဲ့ မေးခွန်းကိုမေးမှာဖြစ်ပါတယ်။ ဒီမေးခွန်း မေးမြန်းရတဲ့ အကြောင်းအရင်းကတော့ ကျွ န်တော်တို့ ဒီကျောက်မဲမြို့နယ် နာပိန်းရွာမှာဆိုလို့ရှိရင် အရင်က ဒီရာဘာခြံစိုက်တဲ့ ကုမ္ပဏီတစ်ခု ကနေပြီးတော့ ဒီစိုက်ပျိုးမြေယူတဲ့ နေရာမှာ နပိန်းရွာသူရွာသားတွေ အရင်က မှီခိုပြီးတော့ စားသောက်လုပ်ကိုင်နေတဲ့ နယ်မြေအချို့ ပါသွားခဲ့ပါတယ်။ အခုဒီတောင်သူတွေက ဘာလာပြောကြသလဲဆိုရင် ရာဘာခြံကတော့ ကြည့်လိုက်တယ်ဆိုလို့ရှိရင် ရာဘာပင်တွေ စိုက်ထားတာ မတွေ့ရဘူး။ ကျွန်တော်တို့ ဒီအရင်က လက်လွတ် ဆုံးရှုံးခဲ့ရတဲ့ မြေတွေကိုပြန်စိုက်လို့ရမလားလို့ အဲလိုမျိုးလာမေးကြတာရှိပါတယ်။ ကျွန်တော်ကလည်း ဒီကိစ္စကို သက်ဆိုင်ရာအနေနဲ့ ဒီကိုယ့်ရဲ့ ရွာမှာရှိတဲ့မိမိရွာမှာရှိတဲ့ဥက္ကဋ္ဌတွေ အုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်နိုင်ပါတယ်လို့ ကျွန်တော် ပြောထားတာရှိပါတယ်။ နောက်တစ်ခါ ဒီကျောက်မဲ မြို့နယ်နားမှာရှိတဲ့

ကုန်းရွာကျေးရွာအဲဒီမှာကျတော့ ရွာသူရွာသားတွေက သူတို့ရွာတည်ကတည်းကစိုက်ပျိုးလုပ်ကိုင်ခဲ့တဲ့ ယာမြေတွေ၊ ဒီယာမြေဟာ ဒီ (စကခ) ကနေ စိုက်ပျိုးမြေတွေယူတဲ့ နေရာမှာ ရွာသားတွေလုပ်ကိုင် စားသောက်နေတဲ့ မြေဧက တော်တော်များ များ ပါသွားတာ တွေ့ရပါတယ်။ ဒါပေမယ့် ပါသွားတယ်ဆိုပေမယ့်လို့ သူတို့ဒီ (စကခ) နဲ့ ရွာသားတွေနဲ့ ညှိနှိုင်းပြီးတော့ တစ်ဧက ကို ၅၀၀၀ကျပ်နဲ့ အဲလို မျိုးပုံစံနဲ့ လုပ်ကိုင်လာပြီးတော့မှ နောက်ပိုင်းကြတော့ ၂၀၀၀၀ ကျပ်တောင်းတယ်။ ၂၀၀၀၀ ကျပ် တောင်းတဲ့နေရာမှာ ရွာသားတွေက အဲ ဒီလောက်ကျတော့ မပေးနိုင်တဲ့အခါကျတော့ အလုပ်မဖြစ်ဘူး။ အဲ ဒီမှာ စားသောက်လုပ်ကိုင်ရတဲ့ကိစ္စ မဖြစ် တဲ့အခါကျတော့ ဒီမြေတွေကို ကျွန်တော်တို့ တပ်ကနေ စိုက်ပျိုးမြေအဖြစ် ယူသွားတဲ့မြေတွေကို ကျွန်တော်တို့ ပြန်ယူနိုင်လို့ရမလားဆိုပြီးတော့ မေးမြန်းလာကြတာလည်းရှိတယ်။ ဒီကိစ္စကို ကျွန်တော်တို့ ကြေးတိုင်နဲ့မြေစာရင်းဌာနကို မေးကြည့်တဲ့အခါကျတော့ ဟုတ်တယ် ဒီနယ်မြေတွေဟာ (စကခ) ရဲ့ လက်အောက်မှာ ရှိကြောင်းပြောခဲ့ပါတယ်။ နောက် တစ်ခါ ဒီကျောက်မဲမြို့နယ်၊ ပင်းမင်ကျေးရွာ ရွာသူရွာသားတွေ သူတို့ကျတော့ လယ်မြေ ဒီလယ် မြေကျတော့ ၁၉၉၇ ခုနှစ်မှာ ပညာရေးဌာနကနေပြီးတော့ စိုက်ပျိုးရေးသိပ္ပံ ဖွင့်ဖို့ဆိုပြီးတော့ နယ်မြေသတ်မှတ်တဲ့ နေရာမှာ အဲဒီရပ်ကွက်(၁)က ကျောက်မဲမြို့နယ်၊ ပင်းမင်ရွာသားတွေ လုပ်ကိုင်စားသောက်နေတဲ့ လယ်မြေ အချို့ဟာအဲဒီနယ်နိမိတ်ထဲမှာပါသွားပါတယ်။ ပါသွားတယ်ဆိုပေမယ့် အဲဒီ၉၉၈ ခုနှစ်မှာ သူတို့က နေပြီးတော့ ဒီလယ်တွေကိုပဲ တစ်ဧက ၇၀၀၀ ကျပ်နှုန်းနဲ့ နဂို ဦးပိုင်နာမည်ပေါက်တဲ့ လယ်သမားတွေကိုလည်း ပြန်ပြီးတော့ လုပ်ခိုင်းစေခဲ့တာကိုပဲ ပြောပြကြပါတယ်။ နောက်တစ်နှစ်ကျတော့ တစ်ဧကကို စပါး ၉ တင်း၊ နောက် ၂၀၀၀ ခုနှစ်ကျတော့ တပ်ရင်း ၄ ရင်းဖြစ်တဲ့ အမြောက်တပ် (စကခ) ၅၀၁၊ ၅၀၂ ကနေပြီးတော့ လုပ်ကို င်ခဲ့တာတွေ တွေ့တယ်။ နောက် ၂၀၀၁ ခုနှစ်မှာကျတော့ တစ်ဧကကို ၆၀၀၀ ကျပ် ပေးပြီးတော့ မူလလယ်လုပ်ကိုင်တဲ့သူတွေ ပြန်လုပ်ခိုင်းတယ်။ ၂၀၀၂ ခုနှစ် မှာကျတော့ တစ်ဧကကို ၇၀၀၀ ကျပ် ပေးသွင်းပြီးတော့ မူလ လယ်လုပ်ကိုင်တဲ့ သူတွေကို လုပ်ကိုင်စေတယ်။ ၂၀၀၃ ခုနှစ်မှာကျတော့ တစ်ဧက ၉၀၀၀ ကျပ်တောင်ဖြစ်လာတယ်။ အခုနှစ်ကျတော့ မူလ လုပ်ကိုင်နေတဲ့ လယ်သမားတွေ လုပ်ကိုင်ခွင့်မရှိတော့ဘဲနဲ့ တခြားလူတွေကို တခြားဈေးနှုန်းနဲ့ ပေးပြီးတော့ လုပ်ကိုင်တာ တွေ့ရပါတယ်။ ဒါပေမယ့် အဲဒီလယ်သမားတွေကိုမေးကြည့်တဲ့အခါကျတော့ ဒီစိုက်ပျိုးရေးစရိတ် ချေးငွေကတော့ မနှစ်ကအထိပုံမှန်ရတယ်ပြောပါတယ်။ အဲ ဒီလိုမျိုးလေးတွေပေါ့။ ဒါကျောက်မဲမှာဖြစ်တဲ့ အဖြစ်အပျက်ကိစ္စ။

နောင်ချိုမှာဖြစ်တဲ့ အဖြစ်အပျက်ကိစ္စကတော့ ဘာသွားတွေ့ ရသလဲဆိုရင် မေမြို့နဲ့ပြင်ဦးလွင်၊ မိုးကုတ်လမ်းမကြီးဖောက်တဲ့ အချိန်ကနေစပြီးတော့ ဒီ ၂၀၀၇ ခုနှစ်မှာ နောက်ပြီးတော့ ဒီကော်ဖီဇုန် ဆိုတာ စိုက်ပျိုးရေးဇုန် တွေ ပေါ်လာတဲ့အခါကျတော့ ဒီကား လမ်းဘေးမှာရှိတဲ့ နယ်မြေ တွေဟာ ကော်ဖီဇုန်တွေဖြစ်လာတယ်။ ဒီကော်ဖီဇုန်ထောင်တဲ့ကုမ္ပဏီ၊ စိုက်ပျိုးရေးကုမ္ပဏီတွေ တချို့ တွေဟာ ရွာသားတွေ လုပ်ကိုင်စားသောက်တဲ့ နယ်မြေတွေနဲ့ တော်တော်လေး ပဋိပက္ခဖြစ်နေတာ လေးတွေကိုကြားသိရပါတယ်။ အဲဒီကိစ္စလေးတွေပေါ့။ ဥပမာ သရက်ကုန်းကျေးရွာမှာ ဖြစ်တဲ့ ကိစ္စတွေ။ နောက်တစ်ခါ နမ့်မကိုင်ရစ်ဆိုတဲ့ ရွာတွေ အဲဒီမှာ နမ့်မကိုင်ရစ်ကတော့ သိပ်မကြာ သေးဘူး။ဒီနှွေမှာ စဖြစ်တယ်လို့ ပြောပါတယ်။ ဒီကုမ္ပဏီတွေ ဝင်လာတာ အဲလိုမျိုးလေးတွေပေါ့။ အဲဒီကိစ္စလေးတွေနဲ့ ပတ်သက် ပြီးတော့ သူတို့ရဲ့ လုပ်ကိုင် စားသောက်နေတဲ့ နယ်မြေလေးတွေ ဆုံးရှုံးတဲ့ ကိစ္စလေးတွေ ဘယ်လိုလုပ်ရင်ကောင်းမလဲ။ နောက်တ စ်ခါ နမ္မတူမှာကြတော့ နမ့်ဆိုင်ဆိုတဲ့ရွာနားမှာ ဒီရာဘာခြံစိုက် တဲ့ ကုမ္ပဏီ (၂) ခုတွေ့ရတယ်။ တစ်ခုက မယ်ဆိုင်ကုမ္ပဏီ၊ တစ်ခုကျတော့ TNC ဖြစ်ပါတယ်။ မယ်ဆိုင်ကုမ္ပဏီကြ တော့ ဒီနယ်မြေခံတွေက ဒီလောက် ဘာမှ မပြောကြဘူး။ဘာဖြစ်လို့လည်းဆိုတော့ သူက စိုက်ပျိုးထားတဲ့ ရာဘာခြံက အောင်လည်း အောင်မြင်တဲ့ အနေအထားမှာရှိပြီးတော့ ဒီနောက်နှစ်မှာ အစေးခြစ်မယ်ဆိုတဲ့ အခြေအနေမှာ ရှိတဲ့ အခါကျတော့ ဒေသခံတွေ ကလည်း သူတို့နဲ့လည်း အလုပ်အကိုင်တွေရတဲ့ အခါကြတော့ သူတို့လည်း ဘာမှမပြောကြဘူး။ နောက်ပြီးတော့ ဒီရွာသူရွာသားတွေ လုပ်ကိုင်စားသောက်နေတဲ့ နယ်မြေနဲ့လည်း သူကအလှမ်းဝေးတဲ့သဘောရှိတယ်။ TNC ကျတော့ သူက နမ့်ဆိုင်ရွာနားမှာကို ကပ်နေတဲ့ အခါကျတော့ ဒီရွာနဲ့ ရွာရဲ့နယ်နိမိတ်နဲ့ သူက ကုမ္ပဏီနဲ့ဆိုလို့ရှိရင် သူက ရိုးလေးပဲ ခြားတာတွေ့တယ်။ ရိုးလေးပဲခြားပြီးတော့ ခြံစည်းရိုးလည်းမရှိ၊ ဘာလည်းမရှိ။ နောက်တ စ်ခါ စိုက်ထားတဲ့ ရာဘာတွေကလည်း မအောင်မြင်သေးဘူး။ မအောင်မြင်သေးဘူး ဆိုတာက နည်းနည်းပါးပါးပဲ တွေ့တယ်ခင်ဗျ။ အဲ လိုမျိုးပုံစံပေါ့။ ဒါပေမယ့် သူက ဧကအများ ကြီး လည်း ယူထားတယ်။ ၁၅၀၀ လောက်ယူထားတယ်။ ခုနမယ်ဆိုင်ကြ တော့ ၂၀၀ လောက်ပဲ ရှိတယ်။ အဲလိုမျိုးတွေပေါ့။ အဲဒီအခါကြတော့ ကုမ္ပဏီကယူထားတဲ့ အနေအထားမျိုးမှာ သူက ရွာချင်း ဆက်လမ်းတစ်ခုရှိတယ်။ အဲဒီနမ့်ဆိုင်မှာ သူတို့ရွာချင်းဆက်လမ်းတစ်ခုရှိတယ်။ သူက လမ်းရဲ့ ဟိုဘက်ဒီဘက်ကို ယူထားပြီး လမ်း ကလည်း ရွာသားတွေ သွား တဲ့အခါကျတော့ ဒီကုမ္ပဏီကို ဖြတ်ရတဲ့သဘောပုံစံမျိုးဖြစ်တယ်။ တ စ်ခါတလေကျလို့ရှိရင် ကုမ္ပဏီကလူတွေနဲ့ ရွာသား တွေနဲ့

သိပ်အဆင်မပြေတာကို တွေ့ရ ပါတယ်။ အဲဒီလိုအခက်အခဲလေးတွေပေါ့။ နောက်ပြီးတော့ သူတို့ရွာနီးချုပ်စပ်နားမှာ လုပ်ကိုင်စားရတဲ့ မြေယာတွေက ကုမ္ပဏီလက်အောက် ရောက်သွားတဲ့ အခါကျတော့အဝေးကြီးမှာ သွားလုပ်ရတဲ့ သဘောလေး တွေတွေ့နေရတယ်။ တော်တော်လေးကို ဒုက္ခရောက်တဲ့သဘောလေးတွေပေါ့။ဘာပဲဖြစ်ဖြစ်ကျွန်တော်တို့နိုင်ငံတော်ရဲ့ အခုလက်ရှိအခြေခံ ဥပဒေအရ ဒီတောင်သူ လယ်သမားတွေရဲ့ အခွင့်အရေး ကာကွယ်ပေးနိုင်ဖို့ နောက်တ စ်ခါ ကျွန်တော်တို့နိုင်ငံတော်သမ္မတကြီးကနေဦးဆောင်ဦးရွက်ပြုပြီးတော့လုပ်နေတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဥ်(၈)ရပ်ကို အကောင်အထည်ဖော် နေတဲ့ အချိန်ကာလမှာ ဒီတောင်သူလယ်သမားတွေရဲ့ သူတို့ရဲ့မြေယာကိုပဲ မြေကြီးကိုပဲ အရင်းအနှီးပြုပြီး လုပ်ကိုင်စားသောက်နေရတဲ့ဘဝမှာ ကျွန်တော်တို့ နိုင်ငံတော်အစိုးရကလည်း ဒီအခက်အခဲလေး တွေကို လက်ရှိ ဝမ်းကျောင်းရတဲ့လုပ်ငန်းနစ်နာမှုရှိနေတာတွေကို စဥ်းစားပေးနိုင်ဖို့ ကျွန်တော် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ဒီလယ်ယာမြေပြဿနာတွေကို အခြားဒေသ မှာလည်း ဖြစ်ချင်လည်း ဖြစ်နိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ဘယ်လို အစီအစဥ်နဲ့ ပြုလုပ်ဆောင်ရွက်ဖြေရှင်းသွားမှာပါလဲ။ ဘယ်လိုအချိန်မှာ စတင် ဆောင်ရွက်သွားမလဲဆိုတာကို သိရှိလိုပါကြောင်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် စိုက်ပျိုးရေးအထက်တန်းကျောင်း နှင့် သစ်တောကျောင်း များကို ဖွင့်လှစ်ပေးရန် အစီအစဥ် ရှိ/ မရှိ နှင့် စပ်လျဥ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် စိုက်ပျိုးရေးအထက်တန်းကျောင်းနှင့် သစ်တောကျောင်း များကို ဖွင့်လှစ်ပေးရန် အစီအစဥ်ရှိ/မရှိနှင့် စပ်လျဥ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ပြည်ထောင်စုဝန်ကြီးများ၊အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စိုက်ပျိုးရေးအထက်တန်းကျောင်းနှင့်

သစ်တောကျောင်းများကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဖွင့်လှစ်ပေးရေး မေးခွန်းကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့မေးခွန်းကို ဖတ်ကြား တင်ပြ ဆွေးနွေးခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ် ။

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ကျွန်တော်တို့မြန်မာနိုင်ငံရှိ သစ်တောများကို အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုး တိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထာဝစဥ်တည်ငြိမ်ရေးတို့အတွက် မူဝါဒများချမှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံအတွင်းရှိ တော၊ တောင်၊ ရေ၊ မြေ တို့ဟာ သဘာဝ ပတ်ဝန်းကျင်နဲ့ လူသားများအပေါ်များစွာ အကျိုးပြုလျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုကို လေ့လာတဲ့အခါ ၁၉၉၀ ခုနှစ် ဝန်းကျင်က သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံဧရိယာရဲ့ ၇၀ ရာခိုင်နှုန်း ဝန်းကျင်ရှိပြီး ယခုအခါ ၂၀၁၁ ခုနှစ်မှာကတော့ ၅၀ ရာခိုင်နှုန်းနီးပါးခန့်သာ ကျန်ရှိတော့တာကို သိရှိရပါတယ်။ ဒီလို သစ်တောများလျော့နည်းလာတဲ့အချိန် ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ ကချင်ပြည်နယ်၌သာ သစ်တော အများဆုံး ကျန်ရှိနေတော့တယ်ဆိုတာကို သိရှိရပါတယ်။ ဥတုရာသီ တောကိုမှီ၏ ဆိုတာရှိသလို မြစ်ဖျားချောင်းဖျား တောကိုမှီ၏လို့လည်း ဆိုချင်ပါတယ်။ ထိုနည်းတူ မြေဆီမြေနှစ် တောကိုမှီ၏ ဟုလည်း တင်ပြလိုပါတယ်။ အဲဒီအတွက်ကြောင့် ကချင်ပြည်နယ်ရှိ သစ်တောများဟာ ကချင်ပြည်နယ်အတွက် သာမဟုတ်ဘဲနဲ့ မြန်မာနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင် ရာသီဥတု အရေးကြီးပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ရဲ့ သစ်တောသယံဇာတအဖြစ်လည်း အင်မတန်မှ တန်ဖိုးကြီးပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကဲ့သို့အရေးကြီးပြီး သဘာဝ အရင်းအမြစ် ပေါကြွယ်ဝတဲ့ကချင်ပြည်နယ်ရှိ သစ်တောများ ကို နို င်ငံအတွက် ထိန်းသိမ်းစောင့်ရှောက် ရေး ပြုစုပျိုးထောင်ရေးနှင့်သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သစ်တောဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ကချင်ပြည်နယ်တွင် သစ်တော ကျောင်းရှိလျှင် ကချင်ပြည်နယ်နှင့် နိုင်ငံတော်အတွက် အလွန်ပင်အကျိုးရှိမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးအထက်တန်းကျောင်းနှင့်ပတ်သက်၍လည်းဆက်လက် တင်ပြ သွားလိုပါတယ်။ ကျွန်တော်တို့ရဲ့ ကချင်ပြည်နယ်ဟာ စိုက်ပျိုးမြေများပေါများပြီး မြေဆီမြေနှစ်လည်း အလွန်ကောင်းမွန်တဲ့အပြင် မြစ်ချောင်းအင်းအိုင်များလည်း ပေါကြွယ်ဝလှပါတယ်။

စိုက်ပျိုးရေးအတွက် ရေခံမြေခံ အလွန်ကောင်းမွန်တဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ နိုင်ငံတော်မှလည်း စတု တ္ထစပါးကျီ ပြည်နယ်ဖြစ်ရေး မျှော်လင့်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး အထက်တန်းကျောင်းနှင့် ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့အချိန်က အခြေအနေကို တင်ပြခွင့်ပြုပါ ခင်ဗျား။ ယခုတင်ပြမှု သင့်တော်မှု မရှိဘူး ဆိုရင်လည်း ခွင့်လွှတ်ဖို့ ကြိုတင်တင်ပြအပ်ပါတယ်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမတိုင်ခင်တုန်းက အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ကချင်ပြည်နယ် ၊ မြစ်ကြီးနားမြို့သို့ ၂ ကြိမ်ရောက်ခဲ့စဉ်တုန်းက ၂ ကြိမ်စလုံး ကချင်ပြည်နယ်အတွက် စိုက်ပျိုးရေး အထက်တန်းကျောင်း ဖွင့်လှစ်ရေးကို ကျွန်တော့် အနေနဲ့ တင်ပြ တောင်းဆိုခဲ့ပါတယ်။ တတိယ အခေါက် မြစ်ကြီးနားမြို့သို့ အစိုးရအဖွဲ့ဝင် ဝန်ကြီး ပြန်လည်ရောက်ရှိလာတဲ့အခါ နိုင်ငံတော် အကြီးအကဲမှ သဘောတူခွင့်ပြုပြီး ဖြစ်ကြောင်း လမ်း ညွှန်မှာကြားခဲ့ပါတယ်။ သို့သော် လည်းပဲ ရွေးကောက်ပွဲရောက်ရှိသွားခြင်း၊ အဲဒီနောက်ပိုင်းမှာလည်း လွှတ်တော်အစည်းအဝေးနှင့် အစိုးရ အဖွဲ့ ဖွဲ့စည်းခြင်းစတဲ့ လုပ်ငန်းများဆောင်ရွက်ရေးနှင့် ဒီအချိန်ဒီအခါ ပြည်သူ့အစိုးရ၊ ဒီမိုကရေစီ အစိုးရခေတ် အချိန်အခါသို့ ရောက်ရှိလာပြီးတော့ ယခုလို ပြန်ပြီးတော့ လွှတ်တော်မှတ စ်ဆင့် ပြည်ထောင်စုအစိုးရဝန်ကြီးထံ တင်ပြတောင်းခံ မေးမြန်း ခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးမြေယာ၊ လယ်ယာမြေများ များပြားတဲ့ ကချင်ပြည်နယ်မှာ လယ်ယာစိုက်ပျိုးရေး ပညာရှင် များ မွေးထုတ်ပေးမယ့် အခွင့်အလမ်းများကို ဖန်တီးပေး၍ လူသားအရင်းအမြစ်များကို မွေးထုတ် ပေးနိုင်ပါက ပြည်သူတွေအတွက် အခွင့်အလမ်း တည့်မတ်မှန်ကန်မှုကို ဖြစ်စေမည် ဖြစ်ပါတယ်။ ယခုလက်ရှိ အခြေအနေတွင် ကချင်ပြည်နယ်၌ စိုက်ပျိုးရေး၊ သစ်တောတို့နဲ့ ပတ် သက်ပြီးတော့ အသက်မွေးဝမ်းကျောင်းလည်းရှိတဲ့ အခြေ ခံလူတန်းစားများဟာ ကချင်ပြည်နယ် လူဦးရေရဲ့ ၇၅ ရာခိုင်နှုန်း ဝန်းကျင်ခန့်ရှိပြီးတော့ ၎င်းတို့ရဲ့ လူမှုစီးပွားရေးဘဝဖွံ့ဖြိုး တိုးတက်ရန် အားထုတ် ကြိုးပမ်းလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေး၊ သစ်တော ထိန်းသိမ်းရေး၊ ပြုစုပျိုးထောင် ပေးရေးတို့နှင့်စပ်လျဉ်းတဲ့ လူသားအရင်းအမြစ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်၊ စိုက်ပျိုးရေး အထက်တန်းကျောင်းနဲ့ သစ်တောကျောင်းများ ကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၌ ဖွင့်လှစ် ပေးနိုင်ရေးမေးခွန်းကို ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ဦးခက် ထိန်နန် မေးမြန်းတဲ့မေးခွန်းဟာ စိုက်ပျိုးရေးအထက်တန်း ကျောင်းက ဝန်ကြီးဌာနတစ်ခု၊ သစ်တောကျောင်းဆိုတာက ဝန်ကြီးဌာနတစ်ခု နောင်ကျရင်တော့

ဒါတွေဟာမေးခွန်းသီးခြားခွဲပြီးမေးဖို့လိုပါတယ်။ မေးခွန်းများနဲ့ပတ်သက်ပြီးလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၇။**

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းအပေါင်းနဲ့ ပြည့်စုံပါစေရန် ဦးစွာပထမဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကိုယ်စား လှယ်တော်ကြီးများ မေးမြန်းထားတဲ့ မေးခွန်း (၅)ခုကို တစ်ဆက်တစ်စပ်တည်း အပိုင်းလိုက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့် ၏ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။မေးခွန်းမှာ ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့အတွင်း စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်မှာရေနက်ကွင်းနေရာများ သောင်းနဲ့ချီရှိနေကြောင်း၊ တစ်ချိန်က ကုမ္ပဏီတွေကို ရေနက်ကွင်းစပါး စိုက်ပျိုးရန်အတွက် နေရာချထား ပေးတာ တွေ့ရကြောင်း၊ ရေနက်ကွင်း စပါး အောင်မြင်မှု မရှိခဲ့ကြောင်း၊ ရေသွားရေလာသိသူ၊ ရေနက်ကွင်း မြေဆီအတက်အကျသိသူ၊ မုတ်သုန်မိုး အတိုးအဆုတ်သိသူ ၊ ဒေသခံ လယ်သမား များကို ရေနက်ကွင်း စပါးစိုက်ရန် နေရာ ခွဲဝေချထားပေးလျှင် ပိုမို၍ထိရောက် အောင်မြင်မည် ဖြစ်ကြောင်း၊ ယခင်က လုပ်ကိုင်နိုင်ခြင်းမရှိသည်မှာ စက်ယန္တရား အကူအညီမ ရနိုင်ခြင်းကြောင့် ဖြစ်ကြောင်း၊ ဘိုးဘေး လက်ထက်ကတည်းက အမွေခံလယ်ဧက အနည်းငယ်သည် တိုးပွားလာသော လူဦး ရေကြောင့် မလောက်မင ဖြစ်ခဲ့သဖြင့် လယ်မဲ့၊ ယာမဲ့ သားမြေး များအား ရေနက်ကွင်းများ နေရာချထား ပေးပြီး၊ သက်ဆိုင်ရာက လိုအပ်သည်များ ပံ့ပိုးပေးနိုင်ပါရန် ဒေသခံတို့က လိုလားလျက် ရှိကြောင်းနှင့် ဒေသခံများအား ရေနက်ကွင်းဒေသများ စိုက်ပျိုးမြေ အဖြစ် ခွဲဝေပေးရန် ရှိ/မရှိနှင့် ရှိပါက နိုင်ငံတော်က ပူးပေါင်းပံ့ပိုးပေးမည့် အစီအစဉ် ကိုပါ သိရှိလိုပါကြောင်း မေးမြန်းထားတာဖြစ်ပါတယ်။ စစ်တောင်းမြစ်ဝှမ်း၊ ပြွန်တန်ဆာ လွင်ပြင်ဒေသ မှာ ညောင်လေးပင်၊ ဒိုက်ဦးနှင့် ဝေါမြို့နယ်တို့ ပါဝင်ဆက်စပ်တည် ရှိပြီး၊ ညောင်လေးပင်မြို့နယ်မှ ကျေးရွာအုပ်စုပေါင်း (၂၀)၊

ကွင်းပေါင်း(၁၂၀)၊ ဒိုက်ဦး မြို့နယ်မှ ကျေးရွာအုပ်စုပေါင်း (၁၈)အုပ်စု ၊ ကွင်းပေါင်း (၁၆၃)ကွင်း နှင့် ဝေါမြို့နယ်မှ ကျေးရွာအုပ်စု (၅)အုပ်စု၊ ကွင်းပေါင်း (၄၈)ကွင်း၊ စုစုပေါင်း ကျေးရွာအုပ်စု (၄၃)အုပ်စု၊ ကွင်းပေါင်း (၃၃၁)ကွင်း ဆက်စပ် ပါဝင်လျက် ရှိတာကို စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ (၃) မြို့နယ် မှာ ၂၀၁၀ -၂၀၁၁ ခုနှစ်အတွင်း မိုးစပါး (၁၇၁၃၀၅) ဧက စိုက်ပျိုးခဲ့ပြီး၊ ရေကြီး၊ ရေနက်ကွင်း မိုးစပါး စိုက်ဧက (၁၁၃၀၈၄)ဧက၊ ရာခိုင်နှုန်းအားဖြင့် ၆၈.၀၁ ရာခိုင်နှုန်း ပါဝင်မှုရှိပါတယ်။ အဆိုပါရေကြီးကွင်း၊ ရေနက်ကွင်း များ မိုးများ သောနှစ်၊ မြစ်ရေကြီးသော နှစ်များမှာ မိုးစပါး အချိန်မီ စိုက်ပျိုးနိုင်ခြင်း မရှိဘဲ စက်တင်ဘာလကုန်ပိုင်း နှင့် အောက်တိုဘာ လ ပထမပတ်တို့မှာ ရေကျနောက်စိုက် စပါးများအဖြစ် စိုက်ပျိုးလုပ်ကိုင်လျက် ရှိပါတယ်။ ကွင်းရေနစ်မြုပ်၍ ရေကျဆင်းမှုနောက်ကျပါက မိုးစပါးစိုက်ပျိုးနိုင်မှုမရှိတော့ဘဲ ဆောင်းရာသီမှ သာလျှင် ပဲမျိုးစုံနှ င့် အခြား သီးနှံများ စိုက်ပျိုးနေ ရကြောင်းကိုလည်းပဲ တွေ့ရှိရပါတယ်။ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် မေးမြန်းထားတဲ့ ဒေသခံတောင်သူလယ်သမားများအား ရေနက်ကွင်း စပါးစိုက်ရန် နေရာခွဲဝေချထားပေးရေးကိစ္စမှာ ယခင်က ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်နှင့်ဒိုက်ဦးမြို့နယ်တို့မှာ ဒေသဆိုင်ရာအာဏာပိုင်များက ၁၉၉၉ ခုနှစ်မှာ ရေနက်ကွင်း လယ်မြေဧရိယာများကို ၃ နှစ်အတွင်း စပါးနှင့်ရာသီသီးနှံများစိုက်ပျိုးနိုင်ရန်အတွက် ဆီဘွိုင်း ကုမ္ပဏီကို ၄၁၆၇ ဧက၊ SIကုမ္ပဏီကို ၅၄၂၈ ဧက၊ ဘွန်း(မ်)ကုမ္ပဏီကို ၂၇၉၉ ဧက ယာယီ ခွင့်ပြုချထားပေးခဲ့တာကို တွေ့ရှိရပါတယ်။ သတ်မှတ်ကာလအတွင်းမှာ ကုမ္ပဏီများအနေနဲ့ အပြည့်အဝမစိုက်ပျိုနိုင်တဲ့အတွက်ကြောင့် ဆီဘွိုင်းကုမ္ပဏီမှ ၃၈၂၉ ဧက၊ SI ကုမ္ပဏီမှ ၅၄၂၈ ဧက၊ ဘွန်း(မ်)ကုမ္ပဏီမှ ၁၅၆၈ ဧကတို့ကို ပြန်လည်ရယူခဲ့ပြီးတော့မှ ဒေသခံတောင်သူလယ်သမား များကို လက်ရှိ ခွင့်ပြုချထားပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။ ပဲခူးတိုင်း ဒေသကြီးအတွင်းမှာ လယ်ယာစိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်မှုကာကွယ်ရေးအတွက် ရဲနွယ်တမံ တည်ဆောက်ပြီး ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ဒိုက်ဦးမြို့ နယ်များမှာ စိုက် ပျိုးမြေများ ပေါ်ထွက် လာရေး အတွက် ဆောင်ရွက်ပေးလျက် ရှိနေပြီ ဖြစ်ပါတယ်။ အလားတူဧရိယာ ဆက်စပ်လျက် ပြွန်တန်ဆာ လွင်ပြင်ဒေသအတွင်းမှာ ရေစီးရေလာကောင်းမွန်စေရေး နှင့် ရေလွှမ်းမိုးမှု ဖြစ်ပေါ် လာပါက ရေအမြန်နုတ်ယူနိုင်မည့် ရေနုတ်မြောင်း များတူးဖော်ခြင်း၊ ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင် ရန်အတွက် တာတမံ ငယ်များ ထပ်မံတည်ဆောက်ခြင်းဖြင့် ရေကြီးကွင်း၊ ရေနက်ကွင်း ရေကျနောက်စိုက်ဧရိယာများကို ရေတော်မိုးတော် ဧရိယာများအဖြစ် ပြောင်းလဲပေးနိုင် ရေး

အတွက် နိုင်ငံတော်သို့ ဝန်ကြီးဌာန အနေဖြင့် တင်ပြဆောင်ရွက်ပေးနေပြီ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက် အရ ပဲခူးတိုင်းဒေသကြီး၊ စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် ရေနက်ကွင်းဧရိယာများကို ရေတော်မိုး တော်ဧရိယာများအဖြစ် ပြောင်းလဲပေးခြင်းအားဖြင့် မိုးစပါးတစ်သီးအပြင် ဆောင်းသီးနှံ သီးထပ်စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ဒေသခံတောင်သူလယ်သမားများ ဝင်ငွေပိုမိုတိုးတက် ရရှိလာနိုင်မည်ဖြစ်တဲ့အပြင် တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်မှ ကာကွယ်နိုင်မှာဖြစ်တဲ့အတွက်ကြောဖို့လို့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် အစိုးရထံသို့ စစ်တောင်းမြစ်ဝှမ်းလွင်ပြင်ဒေသ ရေကြီးနစ်မြုပ်မှု ကာကွယ်ရေးနှင့် မြေယာသစ်များ ဖော်ထုတ်နိုင်ရေးလုပ်ငန်းများ အတွက်ကို ကွင်းဆင်းလေ့လာ တိုင်းတာမှုများနှင့် ကြိုတင်ပြ င်ဆင်မှုများကို ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဦးစားပေးလျာထားလုပ်ငန်း အစီအစဉ်များပေါ်မူတည်ပြီး ဘဏ္ဍာငွေကြေး ခွင့်ပြုပေးနိုင်မည့်အပေါ်မှာမူတည်ပြီး ဝန်ကြီးဌာနအနေဖြင့် လုပ် ငန်းများကို အတတ် နိုင်ဆုံး အမြန် ဆုံးဖြစ်အောင်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။ နိုင်ငံတော်မှ ယခုနှစ်အတွင်း ဘဏ္ဍာငွေခွင့်ပြုပေးမည်ဖြစ်ပါက ယခုနှစ် ပွင့်လင်းရာသီအတွင်းမှာ ပြီးစီးသည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းကိုလည်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ မေးခွန်းကို ကျွန်တော်မှ ဆက်လက်ဖြေကြား ပါမယ်။ ပထမမေးခွန်းအနေနဲ့ လယ်ယာလုပ်ကိုင်ရန် မသင့်လျော်သောမြေပေါ်တွင် သက်ဆိုင်ရာ အာဏာပိုင်တို့၏ ခွင့်ပြုချက်ဖြင့် စိုက်ပျိုးပြီးမှ ပြည်သူပိုင်သိမ်းယူခဲ့သော ရာဘာခြံများအား မူလပိုင် ရှင်များလက်သို့ ပြန်ပေးနိုင်ပါ မည်လားနှင့် အကယ်၍ ထိုရာဘာခြံများအား မူလပိုင်ရှင် များလက်သို့ ပြန်လည်ပေးအပ်ခြင်းမပြုလျှင် ပြည်သူပိုင်အသိမ်းခံရသဖြင့် ဆုံးရှုံးနစ်နာခဲ့သော မူလပိုင်ရှင်များအား နစ်နာကြေး(လျော်ကြေး)ပေးပါမည်လားဆိုသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ မေးခွန်းနှစ်ခုမှာ ပြည်သူပိုင်သိမ်းယူ ခဲ့တဲ့ ရာဘာခြံများနှင့် ပတ်သက် တဲ့ ကိစ္စဖြစ်တဲ့အတွက် တစ်ပေါင်းတည်း ဖြေဆိုသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ယနေ့အထိ ရာဘာစိုက်ဧက စုစုပေါင်း ၃၃၈၇၆ ဧက ရှိပြီး တော့မှ နိုင်ငံပိုင်စိုက်ခင်းအနေဖြင့် အမှတ် (၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေး

စက်မှုလုပ်ငန်းမှ သံတွဲခရိုင်မှာ ၂၆၆၇ ဧက စိုက်ပျိုးထားကြောင်းနှင့် အမှတ်(၁)စက်မှုဝန်ကြီး ဌာနကပဲ ရာဘာစိုက်ခင်း လုပ်ကွက်များအတွင်းမှာ တောင်သူများရဲ့ လုပ်ကိုင်ကွက်များမပါ ရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ အမှတ်(၁)စက်မှုဝန်ကြီးဌာနရဲ့ ရာဘာစိုက်ခင်းများမှ ယခင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းရဲ့ သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ်နှင့် ဂွမြို့ နယ်အတွင်းမှာ ရာဘာစိုက်ဧက ၁၄၀၀ ဧကကို ၂၀၀၄ ခုနှစ်မှာ လွှဲပြောင်းပေးအပ်ခဲ့ပြီးတော့မှ သံတွဲမြို့နယ်၊ ဂွမြို့နယ်နှင့် တောင်ညိုကြိုးဝိုင်း အတွင်းမှာ စုစုပေါင်း ၁၂၆၇ ဧကတို့ကို ဆက်လ က်တိုးချဲ့ စိုက်ပျိုးခဲ့ကြောင်း မှတ်တမ်းများအရ တွေ့ရှိရပါတယ်။ သံတွဲမြို့နယ်အတွင်းမှာ အမှတ်(၁) စက်မှု ဝန်ကြီးဌာနမှ ငပလီရာဘာခြံကို မြေလွတ်မြေရိုင်းလျှောက်ထားခွင့် ရယူခဲ့ပြီးတော့မှ ၂၀၁၀ ခုနှစ် တွင် လုပ်ပိုင်ခွင့်များချထားပေးခဲ့ရာမှ တောင်သူပိုင်လုပ်ကွက်များ မပါဝင်ကြောင်းနှင့် ပြည်သူပိုင် သိမ်းယူထားခဲ့သော ရာဘာခြံများပါဝင်မှုမရှိကြောင်းကို စိစစ်မေးမြန်းသိရှိရပါတယ်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအုန်းတင် ရဲ့ မေးမြန်းချက်နှင့် ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ် အတွင်း ပြည်သူပိုင်သိမ်းဆည်းထားသော ရာဘာခြံများပါဝင်မှု မတွေ့ရှိရပါကြောင်းနှင့် နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီး ပွားအတွက် အမျိုးသားရေး စီမံကိန်း ဆိုင်ရာ National Project များအတွက် လိုအပ်ချက်ရှိလျှင်လည်းပဲ ပုဂ္ဂလိကပိုင် ရာဘာ စိုက်ခင်းများကို ပြည်သူပိုင်သိမ်းယူရန် လိုအပ်ခြင်းရှိခဲ့မည်ဖြစ်ပါကလည်း သက်ဆိုင်ရာ နယ်မြေ ဒေသအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ မြေပြင်ကြီးကြပ် စိစစ် ဆောင်ရွက် မှုဖြင့် ပုဂ္ဂလိကပိုင်ရှင်ဖြစ်သူရဲ့ရင်းနှီးမြုပ်နှံ ကုန်ကျထားမှုများအပေါ်မှာ သက်ဆိုင်ရာလုပ်ငန်း အဖွဲ့အစည်းများမှ မူလတန်ဘိုးနဲ့ ကာလတန်ဘိုးနဲ့အညီ တန်ဘိုးသတ်မှတ်ပြီး ပြန်လည် ပေးချေ ရေးကို ဆောင်ရွက်ပေးရန် ဖြစ်ပါတယ်။ သို့ရာတွင် ယခင်ရှေးနှစ်ပေါင်းများစွာ ကာလကတည်းက အစိုးရများအဆက်ဆက်ကာလက ခေတ်စနစ်များနှင့် ဥပဒေများအရ စီမံဆုံးဖြတ် ဆောင်ရွက် ခဲ့ပြီးဖြစ်တဲ့ နိုင်ငံနှင့်အဝန်းရှိနေနိုင်တဲ့ အလား တူဖြစ်စဉ်ဖြစ်ရပ်များအပေါ်မှာ ယနေ့ နိုင်ငံ့တာဝန် ယူနေကြတဲ့ မိမိတို့အစိုးရအဖွဲ့ဝင်၊ ဝန်ကြီးများအပါအဝင် ဌာနအသီးသီးအနေဖြင့် ရှေ့ကို နိုင်ငံကို ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်ရှိသမျှ ကြိုးစားလုပ်ဆောင် နေကြရ မည့် တာဝန်ရှိသည့်နည်းတူ၊ အခြားတစ်ဖက်မှာလည်း ခေတ်ဟောင်းမှကြွင်းကျန်များကို ခေတ်နောက်ပြန် လှည့်၍ တူးဖော်ဖြေရှင်းနေရခြင်းအား ရှေ့မတိုးနိုင်ဖြစ်နေမည်ကိုလည်း ကိုယ်စားလှယ်တော်ကြီး အနေဖြင့်ထည့်သွင်းသုံးသပ် ဆောင်ရွက်ရန်လည်းပဲ အလေးထားပြီးတော့ ရှင်းလင်းပြောကြား

လိုပါတယ်။ ယခုအခါ မိမိတို့ဌာနရဲ့ ရာဘာစိုက်ခင်းများကို နိုင်ငံတော်ရဲ့ အစီအမံများအရ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဖြေရှင်းဆောင်ရွက်ရန် ကြွေးကျန်ကိစ္စရပ်များ ရှိနေမယ်ဆိုရင်လည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်သွားနိုင်ပါရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း အလေးထား၍ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းအနေဖြင့် ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ၏ ကချင်ပြည်နယ်သည် မြန်မာ နိုင်ငံ၏ စတုတ္ထစပါးကျီဖြစ်ရမည်ဟူသော ရည်မှန်းချက် အောင်မြင်စေ ရန် မိုးညှင်းခရိုင်နှင့် ဗန်းမော်ခရိုင် အတွင်း စိုက်ပျိုးရေရရှိရန် ဆည်မြောင်း တာတမံများ တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ယခုကဲ့သို့ လယ်ယာကုန်ထုတ်လုပ်မှု လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးမည့် အစီအစဉ် နှင့်ပတ်သက်၍ ဖြေကြားခွင့်ရတဲ့အတွက် ဦးစိုင်းတင်အောင် အား ယခုကဲ့သို့ ဖြေကြားခွင့်ရရှိခြင်းအပေါ် မှာလည်း ကျေးဇူးတင်ရှိပါ ကြောင်းလည်း ပဏာမပြောကြား လိုပါတယ်။ ဆည်မြောင်းဦးစီးဌာနမှ ၁၉၈၈ ခုနှစ်နောက်ပိုင်း ၂၀၁၀ -၂၀၁၁ ခုနှစ် အထိ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီး ခဲ့သည့် စီမံကိန်းကြီးပေါင်း ၂၃၃ ခု ရှိသည့် အနက် ဆည်ရေသောက်စနစ် များ ၂၄၈၀၆၅၅ ဧကကို ၎င်းဆည်များမှ အကျိုးပြုပေးနိုင်လျက် ရှိပါတယ်။ ရေလှောင်တမံ တည်ဆောက် ပြီးစီးပြီး ဖြစ်သော်လည်း ဆည် ရေသောက်စနစ် မပြီးသေးတဲ့ ဆောင်ရွက်ဆဲ စီမံကိန်း (၁၃)ခု ကို နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေဖြင့် ဆက်လက် ပေးနိုင်ရေး အတွက် တင်ပြထားရှိဆဲ ဖြစ်ပါတယ်။ အဆိုပါဆည်များ ပြီး သွားမယ်ဆိုရင် ဧကပေါင်း ၃၄၆၆၀၀ ကို ထပ်မံအကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးညှင်း ခရိုင်နှင့် ဗန်းမော်ခရိုင် အတွင်းမှာ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပြီး ထိန်းသိမ်းထားသော ဆည် ၁ ခု ရှိပြီး အ ကျိုးပြုဧကမှာ ၁၅၄၀ ဧက ရှိပါတယ်။ ကျေးလက်ဆည်မြောင်း လုပ်ငန်း များ အနေဖြင့် မိုးညှင်းခရိုင်မှာ ၁၆ ခု နှင့် ဗန်းမော်ခရိုင် မှာ ၅ ခု၊ စုစုပေါင်း ၂၁ ခု ရှိပြီး အကျိုးပြု ဧရိယာ ဧကပေါင်း ၁၅၁၉၆ ဧက ဖြစ်ပါတယ်။ ဆည် များကို

နှစ်စဉ် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း နှင့် အထူး ပြင်ဆင် ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ယခုနှစ် ပွင့်လင်းရာသီမှာ အထူးဦးစားပေးပြီးတော့မှ စီမံ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ မိုးညှင်းမြို့နယ် မှာရှိတဲ့ ဧက ၄၀၀၀ အကျိုးပြုမည့် တကွင်းရေလွှဲဆည်ကို ပြန်လည် ပြုပြင် တည်ဆောက် ရန်အတွက် စစ်ဆေး လေ့လာမှုများ၊ တိုင်းတာမှုများ ဆောင်ရွက်ပြီးစီးပြီး ဖြစ်တဲ့အတွက် ပြုပြင်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းပဲ ရေးဆွဲပြီးဖြစ်ပါတယ်။ ဗန်းမော်မြို့နယ်မှာရှိတဲ့ ဧက ၁၂၀၀ အကျိုးပြု မည့် ပါတိန်း ရေလွှဲဆည်ကို အကောင် အထည်ဖော် တည်ဆော က်နိုင်ရန်အတွက် စူးစမ်းလေ့လာ မှုများ ဆောင်ရွက်လျက်ရှိပါတယ် ။ နိုင်ငံတော်အစိုးရအနေဖြင့် ဦးစားပေးကဏ္ဍအလိုက် ရန်ပုံငွေများကို ခွဲဝေခွင့် ပြုဆောင်ရွက်ပေးလျက်ရှိနေရာမှ နိုင်ငံတော်တွင် လက်ရှိတည်ဆောက် အကောင် အထည်ဖော်ပြီး ဖြစ်သော ဆည်တာတမံကြီးများ၏ ဆည်ရေသောက်စနစ်များ ကို ဆက်လက်တည်ဆောက်ရန် လုပ်ငန်းလက်ကျန်များအတွက် ရန်ပုံငွေ များ ခွင့်ပြုချထားပေးနိုင် ရေး အတွက် ဦးစားပေး တင်ပြဆောင်ရွက် နေရဆဲ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်၏ ရန်ပုံငွေခွဲ ဝေ ခွင့်ပြုပေးနိုင်မည့် အခြေအနေ အပေါ်တွင် တည်မှီပြီးတော့မှ လုပ်ငန်းအသစ်များကို စတင်ဆောင်ရွက် ပေးနိုင်မည့် အနေအထားရှိပါကြောင်းကိုလည်း သိရှိ နားလည်ပေးနိုင်ပါရန်အတွက် လေးစားစွာ ဖြေကြားအပ်ပါတယ်။

စတုတ္ထမေးခွန်းအနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ၏ မေးခွန်းကို ဆက်လက်ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ မေးခွန်း မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ နမ္မတူမြို့နယ်အတွင်းရှိ အချို့ ဒေသများတွင် ဒေသ ခံတောင်သူလယ်သမားများ၏ ဘိုးဘွား လက်ထက်ကတည်းက လုပ်ကိုင် စားသောက်ခဲ့ကြရသော လယ်ယာမြေများသည် တပ်မြေများချဲ့ထွင်ခြင်း၊ မအောင်မြင်သော အစိုးရစီမံကိန်းအချို့၊ ကုမ္ပဏီလုပ်ငန်းအချို့တို့ကြောင့် တောင်သူလယ်သမားတို့၏ လက်ငုတ် ဖြစ်သော မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှုအတွက် လုပ်ကိုင်စားသောက်နေရသော လယ်မြေ များကို လက်လွှတ် ဆုံးရှုံးခဲ့ရမှုများ ဖြစ်ပေါ်နေပါသည်။ ဤ ကဲ့သို့ လယ်ယာမြေပြဿနာများ အခြားဒေသများတွင်လည်း ဖြစ်ပေါ်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ဤကိစ္စများနှင့်ပတ်သက်၍ မည်သို့သော အစီအစဉ်များဖြင့် ပြုလုပ်ဖြေရှင်း ဆောင်ရွက်ပေးသွားမည်။ မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်ဆိုသည့်မေးခွန်းကိုဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး

အနေနဲ့ ဒေသအတွင်းမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်ကို နမူနာများ ဖော်ပြသွားပြီးတော့မှ တင်ပြသွားခြင်း အပေါ်မှာလည်း သိရှိလိုက်ရတဲ့အတွက် အထူးပဲ ကျေးဇူးတင် ရှိပါကြောင်းလည်း ပထမဦးစွာ ပြောကြားလိုပါတယ်။ မေးခွန်းများအပေါ်မှာ စိစစ်လေ့လာတွေ့ရှိချက်များအရ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ် နှင့် နောင်ချိုမြို့နယ် တို့မှာ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များနှင့် တပ်မတော်သားဝန်ထမ်း စစ်သည်များအပါအဝင် မိသားစုများအား သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးနိုင်ရန်အတွက် ဒေသအတွင်း မြေလွတ်မြေရိုင်း လုပ်ကိုင်ခွင့်များ စနစ်တကျ လျှောက်ထားရယူထားရှိပြီးတော့မှ စပါးသီး နှံ၊ အစေ့ထုတ်ပြောင်းနှင့် မြေပဲသီးနှံများ သက်ဆိုင်ရာတပ်ရင်း တပ်ဖွဲ့များအနေဖြင့် စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်လျက်ရှိနေကြကြောင်း သိရှိရပါတယ်။ အလားတူ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ် နှင့် နမ္မတူမြို့နယ်တို့မှာလည်းပဲ ကုမ္ပဏီလုပ်ငန်း ရှင်များမှ ရာသီသီးနှံနှင့် နှစ်ရှည်ပင် စိုက်ပျိုးရေးအတွက် မြေလွတ်မြေရိုင်း လုပ်ကိုင်ခွင့်များ လျှောက်ထားရယူကြသည့် ဧရိယာများတွင် စပါးသီးနှံ၊ အစေ့ထုတ်ပြောင်း၊ ကြံစသည့် ရာသီသီးနှံများနှင့် ရာဘာ၊ ကော်ဖီ ၊ သရက်စသည့် နှစ်ရှည်ပင်များ မြေယာဖော်ထုတ် စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်းကိုလည်းပဲ တွေ့ရှိရပါတယ်။ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များနှင့် ကုမ္ပဏီလုပ်ငန်းရှင်များက မြေလွတ်မြေရိုင်း လုပ်ကိုင်ခွင့် လျှောက်ထားသည့် ကိစ္စရပ်များမှာ လည်း လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ နှင့်အညီ စနစ်တကျလျှောက်ထားတင်ပြ ရယူဆောင်ရွက်နေခြင်း ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့် လုပ်ငန်း ဌာန အသီးသီးကလည်း အဆင့်ဆင့် စိစစ်ပြီးတော့မှ သက်ဆိုင်ရာ ပြည်နယ်ဒေသအာဏာပိုင်၏ သဘောထားထောက်ခံချက်ဖြင့် လုပ်ကိုင်ခွင့်ပြု ချထားဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းကိုလည်းပဲ လေ့လာတွေ့ရှိရပါတယ်။ မြေယာများ ဖော်ထုတ်လုပ်ကိုင်ဆောင်ရွက်ရာမှာ ဆက်စပ်လျက်ရှိနေသည့် ဒေသခံ တောင်သူများ စိုက်ပျိုးလုပ်ကိုင် နေတဲ့ လယ်ယာမြေများနှင့်ပတ်သက်ပြီးတော့ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဆိုင်ရာလုပ်ငန်း ဌာနများ၏ စိစစ်တင်ပြချက် များအရ နယ်မြေခံ တပ်၊ ဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့ တို့အနေဖြင့် ညှိနှိုင်းပေါင်းစပ်ပြီး ဒေသရဲ့အကျိုးကို ရှေးရှုပြီးတော့မှ အဆင်ပြေစွာဖြ င့် ဖြေရှင်းဆောင်ရွက်ပေးရန်လည်းပဲ လိုအပ်မှာဖြစ်ပါတယ်။ ဖြစ်ပေါ်နေတဲ့ အခြေအနေများအပေါ်မှာ မူတည်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ဒေသအစိုးရအဖွဲ့များထံသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အလေးထား ညှိနှိုင်းဖြေရှင်း ဆောင်ရွက် ပေးဖို့အတွက်

ပေါင်းစပ်ပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်၏ မြေသယံဇာတများကို အကျိုးရှိစွာ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ရန်အတွက် စီမံဆောင်ရွက်ရာမှာ ဒေ သခံ တောင်သူလယ်သမားများ၏ မူလလက်ငုတ် စိုက်ပျိုးနေသည့် လယ်ယာမြေများ ပါဝင်မှုမရှိစေရေးအတွက်ကိုလည်းပဲ အထူးသတိပြုပြီး ဆောင်ရွက်ပေးကြရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ အခြားတစ်ဖက်မှာလည်း နယ်မြေဒေသအတွင်းမှာ ဒေသခံ တောင်သူများ အင်အားဖြင့် ဖော်ထုတ်စိုက်ပျိုး လုပ်ကိုင်နိုင်မှုမရှိတဲ့ မြေလွတ်မြေရိုင်းတွေကို အရင်းအနှီး စိုက်ထုတ် လုပ်ကိုင်နိုင်သူများ လာရောက် ရင်းနှီးမြှုပ်နှံကြခြင်းအားဖြင့် ဒေသခံ ပြည်သူလူထုအနေဖြင့် ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖြစ်ထွန်း ရရှိစေမှာ ဖြစ်ပြီး တော့ ဒေသဖွံ့ဖြိုးရေးကိုလည်းပဲ အထောက်အကူကြီးစွာ ရရှိလာမှာလည်း ကျွန်တော်တို့အနေဖြင့် သတိမူကြရမှာ ဖြစ်ပါတယ်။ မိမိတို့ အစိုးရသစ်၏ ကာလတိုအတွင်းမှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ကိုင်ခွင့်ပြုခြင်း နှင့် ပတ်သက်၍ စနစ်တကျရှိစေရေး၊ ဒေသပြည်သူကို အမှန်တကယ် အကျိုးပြုနိုင်ရေး၊ နိုင်ငံတော်ရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၁၂.၇.၂၀၁၁ ရက်စွဲပါ အမိန့်ကြော် ငြာစာအမှတ် - ၆၇/၂၀၁၁ ဖြင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအသစ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်ပါတယ်။ အသစ်ဖွဲ့စည်း တာဝန်ပေးအပ်ထားခဲ့တဲ့ ဗဟိုကော်မတီအနေဖြင့် ဥပဒေ မူကြမ်းများကို အဆင့်ဆင့်ရေးဆွဲပြုစုပြီး နိုင်ငံတော် အစိုးရ အဖွဲ့သို့ တင်ပြထားရှိပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအဖွဲ့ အနေဖြင့် ဥပဒေပညာရှင်များ၏ စိစစ်မှုဖြင့် ဥပဒေကြောင်းအရ စကားလုံးအသုံးအနှုန်းများ မှ စပြီးတော့မှ နိုင်ငံတော်အကျိုး ပြည်သူများရဲ့ အကျိုးကို ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ဖို့အ တွက် လိုအပ်ချက်များကို ပြည့်စွက်တည်းဖြတ် ဆောင်ရွက်လျက် ရှိနေပြီ ဖြစ်ပါတယ်။ အစိုးရအဖွဲ့ရဲ့ အတည်ပြုချက် ရရှိပါက ယခုကျင်းပလျက်ရှိသည့် ပြည်ထောင်စု လွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများ နှင့် ညီညွတ်စွာဖြင့် ဥပဒေတ စ်ရပ် ပြဋ္ဌာ န်းနိုင်ရေးအတွက် တင်ပြဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့ အတွက်ကြောင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ၏ မေးခွန်းနှင့် ပတ်သက်၍တောင်သူလယ်သမားတို့၏လက်ငုတ်ဖြစ်သော အသက်မွေးဝမ်းကျောင်းမှုအတွက် လုပ်ကိုင်စားသော က်နေရသော လယ်မြေများ အား လက်လွတ်ဆုံးရှုံးခဲ့ရမှုများ ဖြစ်ပေါ်နေရခြင်းကို အမှန်တကယ် ဖော်ဆောင် နိုင်မည့် ခေတ်စနစ်နှင့်ကိုက်ညီသော ဥပဒေသစ် များ ပြဋ္ဌာန်းပေးသည့် အချိန်တွင် ဖြစ်ပေါ်လာသည့် ဥပဒေ သစ်နှင့်အညီ ကိုင်တွယ် ဖြေရှင်း

ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အထူး ကျေးဇူးတင်ရှိပါတယ်။

ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက် ထိန်နန် ၏ စိုက်ပျိုးရေးအထက်တန်းကျောင်းနှင့် သစ်တောကျောင်းများ ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဖွင့်လှစ်ပေးရေး မေးခွန်းအပေါ် မှာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ(၂)ပိုင်းတွေ့ရှိရပါတယ်။ ပထမပိုင်းအနေဖြင့် စိုက်ပျိုးရေးနဲ့ပတ်သက်သော အပိုင်းအား ဦးစွာ ဖြေကြားမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနကို စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလုပ်ငန်း တာဝန်(၃)ရပ်ပေးအပ်ထားပါတယ်။ ပထမတာဝန်အနေဖြင့် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းတဲ့ သီးနှံမျိုး စေ့များ ထုတ်လုပ်ပေးနိုင်ရေး (Seed Production) တာဝန်ဖြစ်ပြီး၊ ဒုတိယ တာဝန်အနေဖြင့် တောင်သူ လယ်သမားများကို ခေတ်မီစိုက်ပျိုးရေး နည်းပညာများ ဖြန့် ဖြူးပေး နိုင်ရေးအတွက် လေ့ကျင့်ပညာပေးခြင်းတာဝန် (Training and Education) တာဝန် ဖြစ်ပါတယ်။ တတိယတာဝန်မှာတော့ဖြင့် ပြောင်းလဲတိုးတက်ဖြစ်ပေါ်နေတဲ့ သိပ္ပံနည်းပညာ ဆိုင်ရာများနဲ့အညီ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတေသန နှင့် ဖွံ့ဖြိုးရေး (Research and Development) တာဝန်များအသီးသီး ဖြစ်ပါတယ်။ အဆိုပါ တာဝန်များအပေါ် မှာ နိုင်ငံတော်၏ ခွင့်ပြုဘဏ္ဍာငွေ အကန့်အသတ်ဘောင်အတွင်းမှာ ပညာရှင် များအနေဖြင့် အစွမ်းကုန် တောင်သူလယ်သမားများ အကျိုး၊ နိုင်ငံတော်အကျိုးကို ကြိုးစား အားထုတ်ပြီးတော့မှ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း တင်ပြအပ်ပါတယ်။ လေ့ကျင့်ရေးနှင့်ပညာပေးရေးလုပ်ငန်းတာဝန်သည် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလွန်အရေးပါသော တာဝန်ဖြစ်သည့် အတွက်ကြောင့် သီးနှံအမျိုးအစားအလိုက် သိပ္ပံ နည်းကျ စိုက်ပျိုးနည်းစနစ် Good Agriculture Practice – GAP စနစ်များ အပါအဝင် တောင်သူလယ်သမားများအတွက် လေ့ကျင့်ပညာပေးရေးလုပ်ငန်းများကို ဒေသအလိုက် ကိုက်ညီ စွာဖြင့် အထူးအလေးပေး ဆောင်ရွက်ပေးနေလျက် ရှိနေပါတယ်။ အဆင့်မြင့်လေ့ကျင့် သင်ကြား ပေးနိုင်မှုအပိုင်းအနေဖြင့် နိုင် ငံတော်အစိုးရမှ ရေဆင်းစိုက်ပျိုး ရေးတက္ကသိုလ်မှာ စို က်ပျိုးရေး ဒီဂရီဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဒေါက်တာဘွဲ့ ပညာရှင် များကို လေ့ကျင့် မွေးထုတ်ပေး လျက်ရှိပြီး၊ နိုင်ငံနှင့်အဝန်း စိုက်ပျိုးရေးသိပ္ပံကျောင်း ၇ ကျောင်းအား ဖြန့်ကျက် ဖွင့်လှစ်ပြီး၊ ဒီပလိုမာအဆင့်

ပညာရှင်များ လေ့ကျင့်ပြုစုမွေးထုတ်ပေးနေလျက်ရှိပါတယ်။ ကချင်ပြည်နယ်မှ တိုင်းရင်းသား ညီအစ်ကို များအပါအဝင် ပြည်နယ်နှင့်တိုင်း အသီးသီးမှ အထူးသဖြင့် ပြည်နယ် အသီးသီးမှ တိုင်းရင်းသား ညီနောင်များအနေဖြင့် အဆင့်မြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး နည်းပညာများ ဆည်းပူးနိုင်ရေး အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင် ရာ ပြည်နယ် အသီးသီးမှ စိုက်ပျိုးရေး နှင့် စီးပွားရေးဆိုင်ရာဝန်ကြီးများနှင့် တိုက်ရိုက်ဆက်သွယ်ပြီး အထူး အစီအစဉ်ဖြင့် တိုင်းရင်းသားညီအစ်ကိုများကို တက္ကသိုလ်မှာလာရောက် လေ့ကျင့်သင်ယူနိုင်ရေး အတွက် အကန့်အသတ်မဲ့ လက်ခံပြီးတော့မှ ကျွန်တော်တို့ လေ့ကျင့်လျက် ရှိနေပါကြောင်းလည်း တင်ပြလိုပါတယ်။မြစ်ကြီးနားမြို့မှ ကျောင်းသူ ကျောင်းသားများအနေဖြင့် လက်ရှိအခြေအနေမှာ ရေမြေသဘာဝနီးစပ်ခြင်းနှင့် ခ ရီးလမ်းဝေးကွာမှုမရှိတဲ့ စစ်ကိုင်းတိုင်းဒေ သကြီး၊ ရွှေ ဘိုမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းမှာလည်းပဲ ဒီပလိုမာအဆင့် လေ့ကျင့်သင်ကြားနိုင်မည့် အခွင့်အလမ်း များရှိပါကြောင်း ဖြေကြားလိုပါတယ်။ မြစ်ကြီးနားမြို့ဟာ ပြည်နယ်မြို့တော် တစ်ခု ဖြစ်သည်နှင့် အညီ ပြည်နယ်၏ အခြေခံ လိုအပ်ချက်များကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်ရေး အတွက် စိုက်ပျိုးရေးသိပ္ပံ သို့မဟုတ် စိုက်ပျိုးရေး အထက်တန်းကျောင်းတစ်ခု ဖွင့်လှစ်ခွင့်ပြု နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တင်ပြချက်အပေါ် အထူးအလေးထားပြီး နိုင်ငံတော်သို့ ဘဏ္ဍာငွေ နှင့် ကျောင်းအသစ်တစ်ကျောင်း တိုးချဲ့ဖွဲ့စည်းပုံ ခွင့်ပြုချက်ရရှိရေး အတွက် တင်ပြစီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းကိုလည်းအလေးထား ဖြေကြားအပ် ပါတယ်။

ဒုတိယအပိုင်းအနေဖြင့် သစ်တောကျောင်းဖွင့်လှစ်ရေးနှင့် ပတ်သက်ပြီး သစ်တော ရေးရာဝန်ကြီးဌာနနဲ့ မိမိတို့ဝန်ကြီးဌာနကို ဆက်စပ် ညှိနှိုင်းပြီး ပေးပို့ခဲ့တဲ့အပေါ်မှာ ဖြေကြား သွားမှာ ဖြစ်ပါတယ်။ သစ်တောရေးရာဝန်ကြီးဌာနအ နေဖြင့် တာဝန်ထမ်းဆောင် နေကြတဲ့ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူ ဝန်ထမ်းများကို ပြင်ဦးလွင်မြို့ရှိ မြန်မာ နိုင်ငံသစ်တောကျောင်းမှ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုး တက်ရေးနှင့် ခေတ်နှင့်အညီ သစ်တော အသိပညာ၊ အတတ်ပညာရပ်များ ကြွယ်ဝလာစေရေး လက်တွေ့ နယ်ပယ်တွင် စာတွေ့လက်တွေ့ ပေါင်းစပ်၍ သဘာဝသယံဇာတများကို ပြုစုထိန်းသိမ်း အသုံးချရေးတို့ကို ရည်ရွယ်ပြီးတော့ နှစ်စဉ် သင်တန်းသားဦးရေ ၂၀၀ ခန့် ရွေးချယ်၍ စဉ်ဆက် မပြတ် လေ့ကျင့်သင်ကြားပေးလျက် ရှိနေပါတယ်။ ၎င်းသင်တန်းကျောင်းကို ၁၈၉၈ ခုနှစ် ကစ၍

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ် တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၅၃ ခုနှစ်မှ စ၍ ပြင်ဦးလွင်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ် ထားခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ သင်တန်းကျောင်းဟာ ပြည်ထောင်စုတစ်ဝန်းလုံးရှိ သစ်တောရေးရာဌာနကြီးဌာနအောက်ရှိတိုင်းရင်းသား နိုင်ငံ့ဝန်ထမ်းများ အားလုံး သစ်တောပညာရှာမှီးနိုင်ရန်အတွက် တစ်ခုတ ည်းသော နေရာတစ်ခု ဖြစ်ပါကြောင်းနဲ့ လက်ရှိအခြေအနေမှာ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်နယ် /တိုင်းဒေသကြီး အသီးသီးမှာ သစ်တော ကျောင်းများ ဖွင့်လှစ်ပို့ချရန် အစီအစဉ် မရှိသေးပါကြောင်းကို သိရှိနားလည်ပေးနိုင်ပါရန်အတွက် ဖြေကြားအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ မတော်တဆ ထိခိုက်မှု အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဘေးကင်းလုံခြုံရေးအရာရှိ (Safety Officer) ခန့်ထားနိုင်ရန် အဆိုအား နိုင်ငံတော်အတွင်း နိုင်ငံပိုင် သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် လုပ်ငန်းဟူသမျှတွင် မတော်တဆ ထိခိုက်မှုအန္တရာယ်ဖြစ်ပွားမှု မရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ စည်းမျ ဉ်း၊ စည်းကမ်း ၊ အမိန့်ညွှန်ကြားချက်များဖြင့် လိုအပ်သလိုဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအဖြစ် ပြောင်းလဲခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ** ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ကလား။ ၁၃ ရက်နေ့ကလား။ ဦးဖုန်းမြင့်အောင် တင်သွင်းတဲ့ မတော်တဆထိခိုက်မှု အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဘေးကင်းလုံခြုံရေးအရာရှိ (Safety Officer) ခန့်ထားနိုင်ရန် အဆိုတင်သွင်းတဲ့အခါမှာ ဒေါက်တာ ဦးမြင့်ကြည် ကလည်း ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ဒီအဆိုဟာ လိုလည်းလိုအပ်ပါတယ်။ သို့သော်လည်း ကျယ်ကျယ်ပြန့် ပြန့် သဘောရှိတဲ့အတွက် ခေတ္တဆိုင်းငံ့ ခဲ့ပါတယ်။ သို့သော် မနေ့က ဒါနဲ့ ပတ်သက်ပြီး ဥက္ကဋ္ဌ အနေနဲ့ စဉ်းစားပါတယ်။ စဉ်းစားပြီးတော့မှ ဒီအဆိုကို နိုင်ငံတော်အတွင်း နိုင်ငံပိုင် သမဝါယမပိုင် နှင့် ပုဂ္ဂလိကပိုင် လုပ်ငန်းဟူသမျှတွင် အစိုးရ ပိုင်ပဲဖြစ်ဖြစ်၊ သမဝါယမပိုင်ပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကပိုင်ပဲဖြစ်ဖြစ် လုပ်ငန်းဟူသမျှဆိုတဲ့ အတွက် ပို့ဆောင်ဆက်သွယ်ရေးပဲဖြစ်ဖြစ်၊ ဆောက်လုပ်ရေးပဲဖြစ်ဖြစ်

မတော်တဆထိခိုက်မှု အန္တရာယ် ဖြစ်ပွားမှု မရှိစေရေးအတွက် ဒီကိစ္စတွေမှာ ဒေ ါက်တာ ဦးမြင့်ကြည် ဆွေးနွေးတဲ့အခါကျတော့ ဥပဒေတွေ၊ နည်းဥပဒေတွေ ညွှန်ကြားချက်တွေလည်း ရှိပါတယ်။ ရှိတဲ့နေရာလည်းရှိမယ်။ မရှိတဲ့ နေရာလည်းမရှိဘူး ဆိုတဲ့သဘော ဖြစ်တဲ့အတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ညွှန်ကြားချက်များဖြင့်လိုအပ်သလို ဆောင်ရွက်ပေးပါရန်ဆိုပြီးတော့ ခေါင်းစဉ် ပြောင်းလဲဖို့အတွက် မနေ့က ဦးဖုန်းမြင့်အောင်ကို မေးပါတယ်။ မေးတဲ့အခါကျတော့ မူလအဆိုရှင်က ဒါကို သဘောတူပါတယ်။ သဘောတူတဲ့အတွက် ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အဆိုမှာ နိုင်ငံတော်အတွင်း နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်လုပ်ငန်း ဟူသမျှတွင် မတော်တဆထိခိုက်မှု၊ အန္တရာယ်ဖြစ်ပွားမှု မရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစ ည်းကမ်းအမိန့် ညွှန်ကြားချက်များဖြင့် လိုအပ်သလို ဆောင်ရွက် ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။ ဒီအဆိုကို အတည်ပြုဖို့အတွက် သဘောတူရင် မိမိနေရာမှာ မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။ အားလုံးထိုင်နိုင်ပါပြီ။

မတ်တတ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေဟာ ၄၀ ဦးနဲ့ အထက်ရှိတဲ့ အတွက် ဦးဖုန်းမြင့်အောင်ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅။**

ဥက္ကဋ္ဌ။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မနက်ဖြန်နေ့လယ် (၁း၀၀)နာရီမှာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက နေပြီးတော့ ဧရာဝတီမြစ် ဆုံဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပဖို့ရှိပါတယ်။ ဖိတ် ကြားထားတာလည်းရှိပါတယ်။ ဖိ တ်စာ(၆)စောင်ပဲ ရပါတယ်။ သို့သော် ဒီကိစ္စဟာ အသံကျယ်ကျယ်လောင်လောင်တွေဖြစ်နေတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ် တွေ အားလုံးတက်ရောက် သင့်တယ်လို့ ယူဆပါတယ်။ ယူဆတဲ့အတွက် ဒီ Workshop ကျင်းပမယ့်နေရာကို အဲဒီဝန်ကြီးရုံးအစား MICC ကို ရွှေ့ပြီးကျင်းပဖို့ မေတ္တာရပ်ခံထားပါတယ်။ အဲဒီလိုကျင်းပတဲ့အခါမှာ အမျိုးသားလွှတ်တော်က အားလုံးတက်ရောက်ဖို့အတွက် တိုက်တွန်းပါတယ်။ ခုံနေရာ မရရင် လည်း ကိစ္စမရှိပါဘူး။ မတ်တတ် ရပ်ပြီးတက်လို့ရပါတယ်။ ဒါအရေး ကြီးတဲ့ ကိစ္စဖြစ်ပါတယ်။ နားလည်သွားဖို့လိုပါတယ်။ သိဖို့လိုပါတယ်။ ဒီ Workshop မှာ မေးခွန်းတွေ မေးတာတို့ ပါဝင်ဆွေးနွေးတာတို့လည်း အမျိုးသားလွှတ်တော်

အနေနဲ့ တက်တက်ကြွကြွ ဆောင်ရွက်ဖို့လိုပါတယ်။ တက်ရောက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ မှတ်တမ်းကိုလည်း ရယူထားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌ ကိုယ်တိုင်လည်း ဒီ Workshop ကို တက်ချင် ပါတယ်။ သို့သော် ပြည်ပခရီးမသွားရင် မဖြစ်တဲ့ကိစ္စရှိတဲ့အတွက် သွားရမှာဖြစ်လို့ မတက်နိုင် ပါဘူး။ ဒါကြောင့် ဥက္ကဋ္ဌကို ကူညီတဲ့အနေနဲ့ တက်ရောက်တဲ့ ပုဂ္ဂိုလ်တွေက Workshop မှာ ရှိတဲ့ရလဒ် မိမိတို့နားလည် သိရှိသဘောပေါက်ချက်ကို ဥက္ကဋ္ဌအတွက် စာတမ်း အကျဉ်းလေးတွေ တစ်စောင်စီ လူတိုင်းကိုယ်စီ ကိုယ်စီ ရေးသားပေးထားပါ။ ဥက္ကဋ္ဌ ပြန်လာတဲ့ အခါ ဒါကို လေ့လာချင်ပါတယ်။ နောင်ကိုလည်း ဒီကိစ္စကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမယ့် အနေအထား ရှိပါတယ်။ ဒါတစ်ပိုင်းပါ ။ နောက်တစ်ပိုင်းကတော့ အမျိုးသားလွှတ်တော်မှာမေးတဲ့ မေးခွန်းတွေနဲ့ ပြည်သူ့လွှတ်တော်မှာမေးတဲ့ မေးခွန်းတွေ တချို့ထပ်နေတာတွေ ရှိပါတယ်။ အဆိုတွေလည်း တချို့ ထပ်နေတာရှိပါတယ်။

အကယ်၍ မိမိတို့မေးလိုတဲ့မေးခွန်း၊ မိမိတို့တင်လိုတဲ့အဆို သို့ သော် တင်ထားတဲ့ မေးခွန်း၊ အဆို ပြည်သူ့လွှတ်တော်မှာ မေးသွားပြီးပြီ။ အဆိုလည်းဆောင်ရွက်သွားပြီးပြီ ဆိုလို့ရှိရင် ပြန်လည် ရုပ်သိမ်းဖို့ တိုက်တွန်းပါတယ်။ ဒါကြောင့်မို့ ဒါတွေဟာ တစ်ဖက်မှာလည်း ဖြေကြားပြီးပြီ။ သတင်းစာမှာလည်း ပါပြီးပြီ ဆိုလို့ရှိရင် သက်သက်မယ့် အချိန်ကြန့်ကြာတဲ့ သဘောတွေရှိပါတယ်။ ဒါကြောင့် ဒီလိုဆောင်ရွက်ဖို့ တိုက်တွန်းပါတယ်။ နောက်တစ်ခုကတော့ ဥက္ကဋ္ဌ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်(၁၇)ဦး ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပမယ့် AIPA, ASEAN Inter Parliamentary Association ကို မြန်မာနိုင်ငံလွှတ်တော် တင်းပြည့်အဖွဲ့ဝင်ဖြစ်ရေး Full Fledged Member အတွက်သွားရမှာ ဖြစ်ပါတယ်။ ဒီကိစ္စပေါ်ပေါက်လာတာ အားလုံး သိတဲ့ အတိုင်းပဲ။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်မှာ ဒီအဆိုကို တင်သွင်း ပြီးတော့ ဒီ AIPA အဖွဲ့ဝင်အဖြစ် ဝင်ရောက်မယ်လို့ ဆုံးဖြတ်တဲ့အတွက် ပြည်ထောင်စု လွှတ်တော်နာယက အနေနဲ့ ဒီအဆိုပြုချက် တစ်စောင် ပေးပို့ခဲ့ပါတယ်။ ပေးပို့တဲ့အခါမှာ အားလုံးက လက်ခံစဉ်းစားပြီးတော့မှ အခု စက်တင်ဘာလ ၁၈ ရက်မှ ၂၄ ရက်အတွင်း ကမ္ဘောဒီး ယားမှာ ကျင်းပမယ့် နှစ်ပတ်လည် ညီလာခံကြီးမှာ ဒါကို လက်ခံပါမယ်။ အခမ်းအနားနဲ့ လက်ခံပါမယ်။ ဒီလိုအကြောင်း ပြန်လာတာရှိပါတယ်။ ဒီကိစ္စက အာဆီယံအသင်းဝင်ဖြစ်တုန်းက နိုင်ငံ့အကြီးအကဲသွားရသလိုပဲ ဒီပါလီမန်ဆိုင်ရာ အသင်းဝင်ဖြစ်တဲ့ အခါမှာ လွှတ်တော်ရဲ့ အကြီးအကဲအနေနဲ့ မတက်မဖြစ်တက်ရမယ့် အခြေအနေ ရောက်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌ အပါအဝင် လွှတ်တော်

ကိုယ်စားလှယ်(၁၇)ဦးဟာ ဒီနေ့ နေ့လယ် (၁) နာရီမှာ ရန်ကုန်ကို ထွက်ခွာမှာဖြစ်ပါတယ်။ မနက်ဖြန် ရန်ကုန်မှာ ပြင်ဆင်စရာရှိတာ ပြင်ဆင်ပြီးတော့ ၁၈ ရက်နေ့မှာ ရန်ကုန်ကနေ ကမ္ဘောဒီးယားကို ထွက်ခွာပါမယ်။ ထွက်ခွာပြီးတဲ့အခါမှာ မြန်မာနိုင်ငံလွှတ်တော်ကို အဖွဲ့ဝင် အဖြစ် လက်ခံမယ့် အခမ်းအနားကို တက်ပါမယ်။ တခြားနိုင်ငံရဲ့ ခေါင်းဆောင်များ၊ တခြား လွှတ်တော် ခေါင်းဆောင်များနဲ့လည်း တွေ့ဆုံဆွေးနွေးစရာရှိတာ တွေ့ဆုံဆွေးနွေးမှာ ဖြစ်ပါ တယ်။ ကမ္ဘောဒီးယား နိုင်ငံမှာ လေ့လာစရာ ရှိရင်လည်း လေ့လာခဲ့မှာ ဖြစ်ပါတယ်။ ဒါကြော င့် ဒီလွှတ်တော်လုပ်ငန်းတွေမှာ အဓိကများပြားတဲ့ မေးခွန်းတွေနဲ့ ပတ်သက် လို့ ဆက်လက် ဆောင်ရွက်ဖို့ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဦးမြညိမ်း ကို ယခုအချိန်က စပြီးတော့ တာဝန်လွှဲအပ်ပါတယ်။ လွှတ်တော်ရဲ့ အစီအစဉ် ဥပဒေအရ ပထမတစ်နာရီသည် မေးခွန်းများ ဖြစ်သည်ဆိုသော်လည်း ဥက္ကဋ္ဌ မရှိတဲ့ အချိန်မှာ နံနက်ပိုင်း Session ရော နေ့လယ် ပိုင်း Session ရော မေးခွန်းများ အဖြေများကိုစွာကို ဝန်ကြီး ဌာနများနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ထားဖို့ဖြစ်ပါတယ်။ သို့သော် ဝန်ကြီး ဌာနများ အစိုးရအဖွဲ့ အစည်းအဝေးရှိတဲ့ နေ့လိုဟာမျိုးမှာတော့ နေ့ တစ်ဝက် နားထားဖို့ ဖြစ်ပါတယ်။ အခြေအနေရတဲ့ အချိန်မှာ ဒီဖွဲ့စည်းထားတဲ့ အမြဲတမ်းကော်မတီ(၄)ရပ်၊ လွှတ်တော်ကော်မတီ(၈)ရပ်က ပု ဂ္ဂိုလ်များဟာ မိမိတို့ ကော်မတီ အလိုက် အစည်းအဝေးများ ထိုင်ခြင်း၊ လေ့လာခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း များကိုလည်း ဆောင်ရွက်ဖို့မှာ ကြားလိုပါတယ်။ နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်(၁၇)ဦး ပြည်ပခရီးစဉ် သွားရောက်ခြင်းကို ခွင့်ပြုဖို့နဲ့ မှတ်တမ်းတင်ဖို့အတွက် ပြောကြားပါတယ်။ အဲ ဒီတော့ ဒီနေ့မနက် အစည်းအဝေးကို ရပ်နားပါမယ်။ ၁း၀၀နာရီ အချိန်ဆိုတာ ဒီကျွန်တော်တို့ ထွက်ခွာသွားပြီးတဲ့ အချိန်ပေါ့၊ ၁း၀၀နာရီ ပတ်ဝန်းကျင်မှာ နေ့လယ် ပိုင်း အစီအစဉ်ကို ပြန်လည်စတင်မှာ ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါ ပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစ ည်းအဝေးကို ၁၁း၃၀ နာရီ အချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၀ နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။ ]

[မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက အစည်းအဝေးကို ကြီးကြပ်ဆောင်ရွက်သည်။ ]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ကြွ ရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၃း ၀၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက မေးမြန်းသည့် မေးခွန်း (၅)ခုကို အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ဖြစ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့များတွင် လျှပ်စစ်ဓာ တ်အားကို ဈေးနှုန်းချို သာစွာ သုံးစွဲနိုင်မည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာ တ်အားပေးစက်ရုံများဖြင့် နိုင်ငံတော်မှ ထုတ်လုပ် ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ / မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၀၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာတနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ရှန် က တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့များတွင် လျှပ်စစ်ဓာတ်အားကို ဈေးနှုန်း ချိုသာစွာ သုံးစွဲနိုင်မည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများဖြင့် နိုင်ငံတော်မှ

ထုတ်လုပ်ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၁။**

**ဦးတင်ရှန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုး သားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့် အမျိုး သားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှ တ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ရှန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့များတွင် လျှပ်စစ်ဓာတ်အားကို ဈေးနှုန်းချို သာစွာ သုံးစွဲနိုင်မယ့် သ ဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများဖြင့် နိုင်ငံတော်မှ ထုတ်လုပ်ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ /မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ စာဖြင့် ဖတ်ကြား မေးမြန်း ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးတင်ရှန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်မြို့၊ ထား ဝယ်မြို့နှင့် ကော့ သောင်းမြို့ စတဲ့မြို့တွေမှာ ကိုယ့်အားကိုယ်ကိုး ဒီဇယ်လောင်စာသုံးစက်များဖြင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဝေလျက်ရှိပါတယ်။ လျှပ်စစ်ဓာ တ်အားခ တစ် ယူနစ်လျှင် ၄၂၅ ကျပ်မှ ၄၅၀ ကျပ်နှုန်း ကျသင့်၍ တတ်နိုင်သူများက လိုအပ်သလို သုံးစွဲ နိုင်ကြသော်လည်းပဲ နိုင်ငံ့ ဝန်ထမ်းများနှင့် အခြေခံလူတန်းစားများမှာ သုံးသုံး မသုံးသုံးတစ်လလျှင် အခြေခံ ၂၀ ယူနစ်ဖိုးကို ပေးချေနေရပါတယ်။ လျှပ်စစ်ဓာ တ်အားခနှုန်း ကြီးမြင့်၍ ဖောဖောသီသီ မသုံးစွဲနိုင်ကြဘဲ ဝင်ငွေနဲ့ ချင့်ချိန်၍ သုံးစွဲ နေရပါတယ်။ နိုင်ငံတော်မှ လျှပ်စစ်ဓာ တ်အားကို ဈေးနှုန်းချိုသာ စွာ ဖြန့်ဖြူးရောင်းချ ပေးနိုင်ပါလျှင် ဒေသခံပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အခြေခံလူတန်းစားများ ပို မိုသုံးစွဲလာနိုင်ကြမည့် အပြင် အသေးစား၊ အလတ်စား၊ အကြီးစား စက်မှုလက်မှုလုပ်ငန်းများ ပိုမိုတွင်ကျယ်လာ၍ အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာခြင်းကြောင့် ဆင်း ရဲနွမ်းပါးမှု လျော့ နည်းကျဆင်း လာမည်မှာ မလွဲဧကန်ဖြစ်ပါတယ်။ မိမိတို့ဒေသအတွင်းတွင်လည်း သဘာဝဓာတ်ငွေ့များ

အများအပြား ထွက်ရှိနေကြောင်း သိရှိရပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့များတွင် လျှပ်စစ်ဓာတ်အား ဈေး နှုန်းချိုသာစွာ သုံးစွဲနိုင် မည့် သဘာဝ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာ တ်အားပေး စက်ရုံများဖြင့် နိုင်ငံတော်မှ ထုတ်လုပ်ဖြန့်ဖြူး ပေးရန် အစီအစ ဥ် ရှိ /မရှိ သိရှိလိုပါတယ်။ ရှိလျှင် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်။ မရှိလျှင် အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ယူနစ်လျော့နည်းနေမှု (UNIT LOSSES ) အခြေအနေနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၃း၂၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာတင်ရွှေက ရန်ကုန်တိုင်းဒေသကြီးအတွင်း ယူနစ်လျော့နည်းနေမှု (UNIT LOSSES ) အခြေအနေနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဒေါက်တာတင်ရွှေ ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း နှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ဆုမွန်ဂါရဝပြုအပ်ပါတယ်။ အလားတူ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးလည်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း အစဉ်ထာဝရ မေတ္တာပို့သလျက်ရှိပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကို မြန်မာ့တပ်မတော်မှ တာဝန်ယူချိန်မှစပြီး နိုင်ငံတော်တစ်ဝန်း လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် ကြိုးစား လာခဲ့ရာ ယခုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အောင်မြင်သင့်သလောက်အောင်မြင်စွာ လျှပ်စစ်မီးများ ရရှိနေပြီဖြစ်ပါတယ် ။ ယခု ကျွန်တော် မေးမြန်းမယ့် အကြောင်းမှာ လျှပ်စစ် ထုတ်လုပ်မှုအား ယူနစ်ပျောက်ဆုံးမှု Unit Losses ဖြစ်ပါတယ်။ Unit Losses ဆိုလိုရင်း သဘောမှာ ထုတ်လွှတ်တဲ့ လျှ ပ်စစ်ယူနစ်ပမာဏနဲ့ တကယ်တမ်းသုံးစွဲတဲ့ ပမာဏဝင်ငွေနဲ့ ကိုက်ညီတဲ့ ယူနစ်တို့မှာ မတူဘဲ ယူနစ်လျော့နည်းနေမှုကို ဆိုလိုပါတယ်။ ယခု ပြည်ထောင်စု

အစိုးရအသစ် လွှဲယူပြီးတဲ့နောက်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း Unit Losses အခြေအနေကို သိရှိလိုပါသောကြောင့် လေးစားစွာ မေးမြန်းရ ခြင်း ဖြစ်ပါတယ်။ ဦးစွာ ကျွန်တော်တင်လိုက်တဲ့ စာမှာ Losses ကို Looses ဆိုပြီးတော့ ကျွန်တော် ရေးသားလိုက်ပါတယ်။ ယခု ကျွန်တော်တို့ အစီအစဉ်မှာ Losses ဖြစ်တဲ့အတွက် ကျွန်တော်ရဲ့ ‘o’ တစ်လုံး ပိုမှုနဲ့ ‘s’ တစ်လုံးလိုမှုကို လွှတ်တော်ရုံးမှ ပြင်ဆင်ပေးတဲ့အတွက် လွှတ်တော် ရုံးမှ တာဝန်ရှိသော ပုဂ္ဂိုလ်များအား ဦးစွာ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မေးထားတဲ့ အချက်အလက်တွေကို ဒုတိယဥက္ကဋ္ဌကြီးမှ အနည်းငယ် ဆွေးနွေးခွင့်ပြုပါခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာတင်ရွှေ ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ကျွန်တော် ဒီအကြောင်းကို ဆွေးနွေးဖို့ ပေါ်လာတဲ့ အကြောင်းကတော့ ၂၀၀၈-၂၀၀၉ ခုနှစ်မှာ ဒဂုံမြို့သစ် အရှေ့ပိုင်းလျှပ်စစ်မီးရုံးကို ရောက်နေတဲ့အချိန်မှာ ဒီခရိုင်ရုံးကနေပြီးတော့ ဒီပြီးခဲ့တဲ့လရဲ့ Unit Losses ဘယ်လောက် ပမာဏရှိသလဲဆိုတာကို ဖုန်းနဲ့မေးမြန်းသံ ကြားခဲ့ရပါတယ်။ ဒါနဲ့ပဲ ဆောင်ရွက်နေကြတဲ့ ဝန်ထမ်းတွေဟာ သုတ်သီးသုတ်ပြာနဲ့ သူတို့ မြို့နယ်မှူးက တောင်းခံတဲ့ ဟာကို သူတို့ ရှာဖွေကြတာ တွေ့ရှိခဲ့ရပါတယ်။ နော က်တစ်ခါ ယခု ကျွန်တော်တို့ ၂၀၁၁ ခုနှစ်၊ မေလ ၆ ရက်နေ့မှာ လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက်၊ ဘု ရင့်နောင်လမ်းမှာ ပိတောက်ပင်ကို မိုးကြိုးပစ်ပါတယ်။ ထိုသို့ မိုးကြိုးပစ်တဲ့အခါမှာ ပိ တောက်ပင်ရဲ့ သစ်ကိုင်းက ကျိုးကျလာပြီးတော့ လျှပ်စစ်မီးကြိုးပေါ်ကို ကျသွားတဲ့အတွက် နှစ် ချောင်းပူးပြီးတော့ မီးပွားများ ဖွာကျခဲ့ပါတယ်။ အဲဒီ မီးပွားဖွာကျမှုကြောင့် အောက်မှာ ဖွင့်ထားတဲ့ဆိုင်ရဲ့ ခေါင်မိုးဟာ မီးစွဲလောင်တာကို ကျွန်တော် တွေ့ခဲ့ရပါတယ်။ နောက် ၁၆ ရက် မေလ ရောက်သွားတဲ့ အခါကျတော့ ဒီနေ့ကို ဘာဖြစ်လို့ မှတ်မိသလဲဆို တော့ ၁၆ ရက်၊ ၅ လဟာ General Amnesty လွတ်ငြိမ်းခွင့် ပေးတဲ့နေ့ ဖြစ်တဲ့အတွက် တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေ့မှာပဲ သတင်းစာထဲမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းက မြို့နယ်တစ်မြို့နယ်မှာ လျှပ်စစ်တာ ဝန်ရှိတဲ့ ပုဂ္ဂိုလ်ကနေ ဦးဆောင်ပြီးတော့ လျှပ်စစ်မီးကြိုးတွေရဲ့ အထ က်မှာရောက်နေတဲ့ သစ်ကိုင်းတွေကို လိုက်လံခုတ်ဖြတ်နေတာကို တွေ့ရပါတယ်။ နောက် Unit Losses မဖြစ်မှုကိုလည်း ကာကွယ်တယ်ဆိုတဲ့ သတင်းလေး ပါပါတယ်။ အဲဒီအကြောင်းနှစ်ရပ်ကို ကျွန်တော် ထောက်ထားပြီးတော့ ရန်ကုန် တိုင်းဒေသကြီး

အတွင်းမှာ Unit Losses ဟာ ဘယ်လောက်ရှိသလဲ ဒါမှမဟုတ် Unit Losses ရဲ့တန်ဖိုးဟာ တစ်မြို့နယ်ချင်း တစ်မြို့နယ်ချင်း စုလိုက်ရင် များသွားမယ်။ နိုင်ငံ့ ဘဏ္ဍာ လျော့ ယွင်းမယ်။ ဒါကြောင့်မို့လို့ တိုးပွားရင်လည်း တိုးပွားအောင် Technique part ကိုတော့ ကျွန်တော် မကျွမ်းပါဘူး။ ဒါကြောင့် လေးစားစွာနဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး မှ တစ်ဆင့် ကျွန်တော် ဒီ Unit losses ရန်ကုန်တိုင်းဒေသအတွင်းရဲ့ ပမာဏကို လေးစားစွာ ဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မိတ္ထီလာမြို့နယ်၊ ထနောင်းကန် စံပြကျေးရွာတွင် အိမ်တွင်းစက်မှုယက္ကန်း လုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် အရေးတကြီး လိုအပ်နေသော လျှပ်စစ်မီးရရှိရေး စီစဉ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၂၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးစိုးအောင်က မိတ္ထီလာမြို့နယ်၊ ထနောင်းကန်စံပြကျေးရွာတွင် အိမ်တွင်းစက်မှု ယက္ကန်းလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် အရေးတကြီး လိုအပ်နေသော လျှပ်စစ်မီးရရှိရေး အစီအစဉ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၄။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှ တ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့်တ က္ က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒ နယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ မိတ္ထီလာမြို့နယ် ထနောင်းကန်စံပြကျေးရွာတွင် အိမ်တွင်းစက်မှုယက္ကန်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရေးတကြီး လိုအပ်နေသော လျှပ်စစ်မီးရရှိရေး စီစဉ်ဆောင်ရွက်ပေးနိုင်မှု အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်း၍ မေးမြန်းသွားမှာ ဖြစ်ပ ါတယ်။ ဒီ လိုမေးမြန်း ခွင့်ပြုတဲ့ အတွက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးအား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။ လေးစားအပ်

ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မိတ္ထီလာမြို့နယ် ကန်သာကျေးရွာအုပ်စု၊ထနောင်းကန်စံပြကျေးရွာဟာ အိမ်ခြေ ၂၄၇ အိမ်၊ အိမ်ထောင်စု ၂၅၀၊ လူဦးရေ ၁၂၂၅ ဦး နေထိုင်လျက်ရှိတဲ့ ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ အရှေ့အနောက်အားဖြင့် ပေ ၂၀၀၀ ခန့်ရှိပြီး တောင် မြောက်မှာ ပေ ၁၆၀၀ ခန့်ရှိတဲ့ အကျယ်အဝန်းနဲ့ စံပြကျေးရွာကြီး တစ်ရွာဖြစ်ပါတယ်။ ယခင်က ကျေးလက်ဒေသနေပြည်သူများဟာ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင် ပြီး အဆင်ပြေလျက်ရှိပါတယ်။ စိုက်ပျိုးရေးနဲ့ တွဲဖက် ပြီးတော့လည်း သိုး၊ ကျွဲ၊ နွား၊ ဆိတ်စတဲ့ မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်တဲ့အတွက် စား ဝတ်နေရေးလည်း အဆင်ပြေလျက်ရှိခဲ့ပါတယ်။ သို့ပါသော်လည်း ၁၉၉၇ ခုနှစ်မှာ စက်မှုဇုန်တည်ဆောက်ရေး စီမံချက်အတွက် ကျွန်တော်တို့ ကျေး လက်ထနောင်းကန်ကျေးရွာအုပ်စုမှာရှိတဲ့ ကွင်းအမှတ် ၅၆၄၊ ၅၆၅၊ ၅၆၆ တို့မှ မြေဧက ၃၄၈.၄ ဧက ၊ ၂၀၀၉ ခုနှစ်မှာ တပ်မတော် အကြီးစားစက်ရုံ တည်ဆောက်ရေး စီမံချက်အတွက် ၎င်းကွင်းအမှတ် ၅၆၄၊ ၅၆၅၊ ၅၆၆ တို့မှ ကျန်ရှိတဲ့ မြေဧက ၆၁၃ ဧကကို ထပ်မံ လွှဲပြောင်းပေးအပ်ခဲ့ရပါတယ်။ စုစုပေါင်းဆိုရင် အားလုံး ၉၆၁.၄၅ ဧက ရှိခဲ့ပါတယ်။ အဲဒီမှာ ကျေးလက်နေပြည်သူများဟာ ဒီလိုလွှဲ ပြောင်းပေးရတဲ့အတွက် စိုက်ပျိုးလုပ်ကိုင် စားသောက်ခွင့် မရှိတော့တဲ့အပြင် စားကျက်မြေများပါ ဆုံးရှုံး တဲ့အတွက် မွေးမြူရေးလုပ်ငန်းများမှာ ထိခိုက်မှု ရှိခဲ့ပြီး စား ဝတ်နေရေး အခက်အခဲ တွေ့နေကြောင်း သိခဲ့ရပါတယ်။ အဲဒီတော့ ကျေးလက်နေပြည်သူများဟာ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် လည်းကောင်း၊ ဆင်းရဲမှုလျှော့နည်းရေးအတွက် လည်းကောင်း၊ ၎င်းတို့ရဲ့ အိမ်မှာ စက်ယက္ကန်းအိမ်တွင်းစက်မှုလုပ်ငန်းဖြစ်တဲ့ စက်ယက္ကန်းလုပ်ငန်းများကို အသွင်ကူးပြောင်း လုပ်ကိုင်လိုတဲ့ ဆန္ဒရှိပါတယ်။ ဒီလို လုပ်ကိုင်ဖို့ရာလည်း လျှပ်စစ်မီးဟာ အရေးတကြီး လိုအပ်လျက်ရှိပါတယ်။ အဲဒီတော့ ဒီလို လျှပ်စစ်မီး ရရှိရေးအတွက် သူတို့ ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ ကြိုးစားနေကြောင်း သိရှိရပါတယ်။ အဲဒီတော့ ဒီထနောင်းကန်စံပြကျေးရွာရဲ့ အိမ်တွင်းစက်မှုလုပ်ငန်းများအတွက် အရေးတကြီး လိုအပ်နေတဲ့ လျှပ်စစ်မီးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်မှု ရှိ / မရှိ နှင့် ရှိပါကလည်း မည် သည့် အချိန်မှာ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ဆိုတာကို ကျွန် တော့်အနေနဲ့ မေးမြ န်းရခြင်း ဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကျိုင်းတုံမြို့အပါအဝင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ မြို့နယ်များအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရန် အကြီးစားဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် အစီအမံ ရှိ / မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၂၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျော့က်ဆမ် က ကျိုင်းတုံမြို့ အပါအ ဝင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မြို့နယ်များ အတွက် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရန် အကြီးစားဓါတ်အားပေးစက်ရုံ တည်ဆောက်ရန် အစီအမံ ရှိ / မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၉။**

**ဒေါက်တာ စိုင်းဆိုင်ကျော့က်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာ ကျွန်တော် နှုတ်ခွန်း ဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျော့က်ဆမ် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကျိုင်းတုံမြို့နယ် ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မြို့နယ် များအတွက် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရန် အကြီးစားဓာ တ်အားပေးစက်ရုံ တည်ဆောက်ရေးနဲ့ ပတ်သက်တဲ့ မေးခွန်းကို တင်ပြမေးမြန်းမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ မေးခွန်းကို စာဖြင့်ဖတ်ကြား တင်ပြခွင့်ပြုပါခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါက်တာစိုင်းဆိုင်ကျော့က်ဆမ်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)။** ။ ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသမှာ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်မယ့် ရေအရင်းအမြစ်များ၊ ရေတံခွန်များ၊ မြစ်ချောင်းများ များစွာရှိပါတယ်။ ယခင်က ဒေသအတွင်းမှာ တည်ငြိမ်အေးချမ်းမှု မရှိတာကြောင့် လျှပ်စစ်ဓာ တ်အားပေးစက်ရုံ မတည်ဆောက်နိုင်ခဲ့ပါဘူး ။ မြို့နယ်အတော်များများဖြစ်တဲ့ မိုင်းခုတ်၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း တို့မှာ ယနေ့အထိ ဒီဇယ်မီးစက်အဟောင်းလေးနဲ့ပဲ လည်ပတ်နေရပါတယ်။ နယ်စပ်မြို့မှာတော့ တစ်ဖ က်နိုင်ငံမှ မီးကို သုံးနေရပါတယ် ။ မိုင်းယန်းနဲ့ မိုင်းလားအထိ အထူးဒေသအဖွဲ့အစည်းထံမှ မီးကိုယူသုံး

နေရပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်း မှာ မိုင်းဆတ်မြို့ တစ်မြို့တည်းသာ ရေအားလျှပ်စစ်နဲ့ လုံလုံလောက်လောက် မီးပေးနိုင်ခဲ့ပါတယ်။ ကျိုင်းတုံမြို့မှာလည်း တပ်မတော်အစိုးရလက်ထက် တည်ငြိမ်အေးချမ်းမှုရှိလာတဲ့ နောက်ပိုင်းမှာ ၁၉၉၃ ခုနှစ်မှာ ရေအားလျှပ်စစ်စက်ရုံ ၂ ရုံ တည်ဆောက်ခဲ့ပါတယ်။ ဒါပေမယ့် အသေးစားရေအားလျှပ်စစ်ပဲဖြစ်ပါတယ်။ ၃၀၀ ကီလိုဝပ်နဲ့ ၃ မဂ္ဂါဝပ်သာ ထွက်ရှိတဲ့အတွက်ကြောင့် မြို့ရဲ့လိုအပ်ချက်ကို အပြည့်အဝ မပေးနိုင်ခဲ့ပါဘူး။ ရေများတဲ့ မိုးတွင်းကာလမှာတောင်မှ အလှည့်ကျနဲ့ပဲ မီးပေးနေရပါတယ်။ ရေ နည်းတဲ့ နွေမှာ တော့ အရေးကြီးတဲ့ ဒေသပဲ မီးပေးနိုင်ပါတယ် ခင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့ ဟာ နယ်စပ်မြို့ဖြစ်တာကြောင့် စီးပွားရေးအရမှာရော နိုင်ငံရေးအရမှာရော အချက်အခြာကျပါ တယ်။ တြိဂံဒေသတိုင်းရုံးနှင့် အခြားတပ်ပေါင်းစုံလည်း ရှိပါတယ်။ တပ်များမှာ ကိုယ်ပိုင် မီးစက် တော့ ရှိကြပါတယ်ခင်ဗျား။ ဒါပေမယ့် တချို့တချို့သော တပ်ကိုတော့ မြို့မီးမှာပဲ မျှယူပေး နေရပါတယ်။ တချို့အရေးကြီး တဲ့တပ်တို့၊ ဒေသတို့တွေမှာ ၂၄ နာရီမပြတ် မီးပေးရန် လိုအပ်ပါ တယ်။ အဲဒါကြောင့် ကျိုင်းတုံမှာ မီးရရှိရေးဟာ အဓိကလိုအပ်ချက်ကြီး ဖြစ်နေပါတယ်ခင်ဗျား။ ဒါကြောင့်လည်းပဲ ဒေသအာဏာပိုင်များက ဒေသ တွင်းမှာ ထွက်ရှိတဲ့ နမ့်ခုတ် ကျောက်မီးသွေး တွင်းမှ လျှပ်စစ်ဓာတ်အားထုတ်ယူရန် ဆောင်ရွက်ခဲ့ပါသေးတယ်။ ဒါပေမယ့် ယခုတော့ ဆက်မလုပ်ပဲ လုပ်ငန်းများရပ်ဆိုင်းထားပါတယ်။ အကယ်၍သာ ရှမ်းအရှေ့မှာ အကြီးစား ဓာတ်အားပေးစက်ရုံသာ တည်ဆောက်ပေးနိုင်မယ် ဆိုလို့ရှိရင် ရှမ်းအရှေ့ဒေသမှာ ထွက်ရှိတဲ့ ထုံးကျောက်တို့ သံသတ္တုရိုင်းတို့မှာလည်း ဘိလပ်မြေတို့ သံချောင်းတို့ဖြစ်တဲ့ စက်မှုကုန်ချောများ ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ သို့ပါ၍ ရှမ်းပြည်နယ် အရှေ့ပိုင်း၌ ကျိုင်းတုံမြို့အတွက် အကြီးစား လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးနိုင်ရန် အစီအမံများ ရှိ/မရှိ မေးမြန်းလို ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ပလက်ဝမြို့တွင် လျှပ်စစ်မီးလုံလောက်ရေးအတွက် ပီချောင်း (ခဝဲ)တွင် ရေအားလျှပ်စစ်ဓာတ်အား စက်ရုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၃း၃၅။**

**ဒုတိယဥက္ကဋ္ဌ** ။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)မှ ဦးဆလိုင်းခွဲယန် က ပလက်ဝမြို့နယ်တွင် လျှပ်စစ်မီးလုံလောက်ရေး အတွက် ပီချောင်း (ခဝဲ)တွင် ရေအားလျှပ်စစ်ဓာတ်အားစက်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၅။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ပလက်ဝမြို့နယ်တွင် လျှပ်စစ်မီး လုံလောက်စွာရရှိရေးအတွက် ပီချောင်း(ခဝဲ)တွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါ တယ်။ ဒီမေးခွန်းဟာ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်သို့ပေးပို့သော အိန္ဒိယ - မြန်မာ ကုန်သွယ်ရေးစီမံကိန်းလမ်းမကြီးပေါ်တွင် တည်ရှိသော ချင်းပြည်နယ် ပလက်ဝမြို့အား မြို့အဆင့်အတန်းနှင့် ညီညွတ်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ /မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းများထဲမှ အမှတ်စဉ် (၂) ဖြစ်ပါတယ်။ တာဝန် ရှိတဲ့ ပုဂ္ဂိုလ်များက ဤအရာကို စိ စစ်ပြီးမှ တစ်ခုချ င်းခွဲခြမ်းပြီးမှ မေးမြန်းခွင့်ပေးတဲ့ အတွက်ကြောင့် ကျေးဇူးတင်ပါတယ်။ သို့သော်လည်း ကျွန်တော့်အနေနဲ့ ထပ်ခါတလဲ မေးရတဲ့ အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အနည်းငယ် ခွင့်လွှ တ်သည်းခံပေးကြပါလို့ ပန်ကြား လိုပါတယ်။ ချင်းပြည်နယ် ၊ ပလက်ဝမြို့ဟာ ချင်းပြည်နယ် တောင်ပိုင်း အစွန်ဆုံးမှာ တည်ရှိ ပြီးတော့ ဘင်္ဂလားဒေ့(ရှ်)၊ အိန္ဒိယနိုင်ငံဆိုတာမျိုးနဲ့ ထိစပ်နေပါတယ်။ မြ န်မာနိုင်ငံနဲ့ အိန္ဒိယ နိုင်ငံရဲ့ ကုန်သွယ်ရေးလမ်းကြောင်း စီမံကိန်း လမ်းမပေါ်မှာ တည်ရှိတဲ့အတွက်ကြောင့် နိုင်ငံ တကာရဲ့ မြင်ကွင်းထဲမှာရောက်ရှိမယ့် မြို့တစ်မြို့ ဖြစ်ပါတယ်။ ဒီလိုဖြစ်တဲ့အတွက်ကြောင့် လက်ရှိ ပလက်ဝမြို့ရဲ့ လျှပ်စစ်ဓာ တ်အားပေးမှု အခြေအနေ ကိုလည်း အနည်းငယ်တင်ပြလိုပ ါတယ်။

လက်ရှိ ပလက်ဝမြို့မှာ လျှပ်စစ်မီးရရှိရေးအတွက် ဒီဇယ်ဆီစက် အကြီးတစ်လုံးနှင့် မြို့ပေါ် ရပ်ကွက်(၃)ရပ်ကွက်ကို ပေးနေပါတယ်။ (၃)ရပ်ကွက်အထဲက မိုးရာသီမှာဆိုရင် ရေအားလျှပ်စစ် ပေးတဲ့ စက်ရုံရှိတဲ့အတွက်ကြောင့် ရပ် ကွက်(၂)ရပ်ကွက်ကို ပေးပြီးတော့မှ မြင်းဝါရပ်ကွက်နှင့် ရွာမရပ်ကွက်က အိမ် ခြေ ၁၀၀ ခန့်ကိုကျတော့ ရေအားလျှပ်စစ်နဲ့ လျှပ် စစ်မီးပေးဝေပေးလျက် ရှိပါတယ်။ EPC အနေဖြင့် လျှပ်စစ်မီးပေးဝေတဲ့ အချိန်ကာလ ၂ နာရီမျှ ကြာမြင့်ပါတယ်။ ညနေ ဆိုရင် ၇ နာရီမှ ၉ နာရီထိဖြစ်ပါတယ်။ ၉ နာရီ ကပေးပြီး နောက်ပိုင်းမှာတော့ကိုယ်ပိုင်စက်ကလေး တွေနဲ့ ဆိုလာပြားလေးတွေနဲ့ တ ချို့တတ်နိုင်တဲ့ သူတွေက အသုံးပြုကြပါတ ယ်။ ဒီလို EPC မီးနဲ့ ပေးတဲ့အခါမှာလည်းပဲ ဒီ EPC မှာ မီတာအိုး မီတာ Box ရရှိနိုင်ဖို့အတွက် တချို့ပြည်သူများဟာ အခက်အခဲရှိတဲ့ အတွက်ကြောင့်အိမ်တိုင်းမှာ လျှပ်စ စ်မီးမထွန်းနိုင်ပါဘူး။ ဒါကြောင့် အိမ်တိုင်းမှာ လျှပ်စစ်မီးထွန်းနိုင်ဖို့အတွက်လည်း အရေးကြီး ပါတယ်။ ပွင့်ပွင့်လင်းလင်း တင်ပြရမယ်ဆိုရင် မီတာအိုးတစ်လုံးရရှိဖို့အတွက် အနည်းဆုံး တစ်သိန်းကနေအထက် ကုန်ကျမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကင်းသေချောင်း ရေအားလျှပ်စစ်ဟာလည်းပဲ ပညာရှင်များရဲ့အဆိုအရ ၁.၆ မဂ္ဂါဝပ် ရှိတယ်လို့ သိရတဲ့အတွက်ကြောင့် အိမ်ခြေတစ်ရာခန့်သာ ပေးဝေနိုင်ပါတယ်။ ဒီကင်းသေချောင်း ရေအားလျှပ်စစ်ဟာချောင်းတစ်ခုကို Dam အမြင့် ၁၀ ပေခန့်လောက်သာ မြင့်တဲ့အတွက်ကြောင့် အိမ်ခြေတစ်ရာခန့်သာ ပေးဝေနိုင်ပါတယ်။ မိုးရာသီရေ ထွက်လာမယ့် အချိန် မှာကျတော့ သဲတွေ ကျောက်တွေဖို့တဲ့ အတွက်ကြောင့်မို့လို့မကြာခဏ မီးပြတ်လပ်လျက်ရှိပါတယ်။ ဒီသဲမြေကို ပြန်ဖော် နိုင်ပါက လျှပ်စစ်မီး ရရှိမှာ ဖြစ်ပါတယ်။ တကယ်လို့များ ဒီ Damကိုလည်း ဒီထက်တစ်ဆင့်ပြီးမှ အမြင့် တည်ဆောက်မယ်ဆိုရင်တော့ ရေသိုလှောင်အားကောင်းမှာ ဖြစ်ပါတယ်။ အခုက သီးသန့် ကန်ထဲမှာရှိတဲ့အတွက်ကြောင့် မကြာခဏမီးအားမရနိုင်ပါဘူး။ ထိုနည်းလည်းကောင်း တစ်ဖက် က EPC မီးကလည်းပဲရတယ်။ တစ်ဖက်က ရေအားလျှပ်စစ်တွေ ရသော်လည်းပဲ တချို့လုပ်ငန်း ကလေးတွေမှာဆိုရင် မီးပေးတဲ့အချိန်က ၂ နာရီခန့်သာ ဖြစ်တဲ့အတွက်ကြောင့် တယ်လီဖုန်းတို့ အင်တာနက်တို့ စသည့်လုပ်ငန်းလေးတွေမှာ အချိန်ပြည့် သုံးစွဲနိုင်ဖို့ရန် မီးအားမလုံလောက်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့် တယ်လီဖုန်းခ တ စ်မိနစ်မှာ ၁၀၀ ကျပ်၊ အင်တာနက်ခ တစ်မိနစ်မှာ ၁၀၀၀ ကျပ် ဒီလိုမျိုးကျသင့်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ဒီလိုမျိုးအကုန်အကျများစွာ ပြည်သူတွေ ပေးဆောင်ရတဲ့အခါမှာ သုံးချင်တိုင်းသုံးလို့မရတဲ့ အခက်အခဲတွေ ရင်ဆိုင်ရပါတယ်။ ထိုနည်းလည်းကောင်း အိန္ဒိယ-မြန်မာ လမ်းကြောင်းပေါ် မှာ တည်ရှိတဲ့မြို့ ဖြစ်တဲ့ အတွက်ကြောင့်

နောင်လာမယ့် လေးငါး နှစ်အတွင်းမှာ မြို့ကကျယ်ဝန်းလာပြီးမှ လူနေအိမ်ခြေ ရပ်ကွက်တွေ တိုးလာမှာဖြစ်ပါတယ်။ အဲဒီအချိန်ကျပိုပြီး မီးမလုံလောက်မှာကို စိုးရိမ်ရပါတယ်။ ဒါကြောင့် မြို့နဲ့ အဖြောင့်တိုင်း ၁၅ မိုင် အကွာအဝေးမှာရှိတဲ့ ပီချောင်း (ခဝဲ)ရွာနားမှာဆိုရင် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မယ့် အခြေအနေရှိတယ်လို့ ကြားသိရပါတယ်။ မြို့နယ်အဆင့် အင်ဂျင်နီယာများရဲ့ တိုင်းထွာချက်အရ မဂ္ဂါဝပ် ၃၀ ခန့် ထွက်ရှိမယ်လို့ ခန့်မှန်းသိရှိရပါတယ်။ ဒီမြေဟာ တပ်မတော် တပ်ရင်းမှလည်း လုံခြုံရေး တာဝန်ယူထားတဲ့အတွက်ကြောင့် လုံခြုံရေးကောင်းမွန် တဲ့နေရာ ဖြစ်ပါတယ်။ တကယ်လို့ ဒီချောင်းမှ ရေအား လျှပ်စစ်ကို ထုတ် လုပ်နိုင်မယ်ဆိုရင် မြို့အတွက် မီးလုံလောက်စွာ ရရှိတဲ့အပြင် နီးစပ်ရာကျေးရွာများကိုလည်း မီးဖြန့် ဝေပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပီချောင်းရေအား လျှပ်စစ်စီမံကိန်း ဆောက်လုပ်နိုင်မယ့် အခြေအနေ ရှိ/မရှိ ကို သိရှိ လိုပါတယ်လို့ မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၃း၃၈။**

**ဦးခင်မောင်စိုး( ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ကျွန်တော့် အနေနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန် မေးမြန်းထားတဲ့ မေးခွန်းကို ပထမ ဖြေကြားသွားမှာဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး ဟာ ထားဝယ်မြို့နယ်မှာ တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးထားရှိပြီး ခရိုင်၊ မြို့နယ်ပေါင်း ၂၀ ရုံးနဲ့ ဓာတ်အား သုံးစွဲသူပေါင်း ၃၃၃၂၈ ဦး ရှိပြီးတော့ မလိကျွန်းကိုတော့ ရေအား လျှပ်စစ်ဌာနက ဓာတ်အား ဖြန့်ဖြူးပေးလျက် ရှိပါတယ်။ ကျန် ၁၇ မြို့ကတော့ အဓိက မီးလင်းရေးကော်မတီတွေကနေပြီးတော့ ဒေသဆိုင်ရာ အာဏာပိုင်များနဲ့ ပူးပေါင်းပြီး ကုမ္ပဏီများမှ ဒီဇယ်စက်၊ စပါးခွံစက်စ သည်ဖြင့် ဓာတ်အားများ

ပေးထားပါတယ်။ ဓာ တ်အားပေးတဲ့အခြေအနေတွေကတော့ ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ ကျွန်းစု၊ ပုလောတို့မှာ တစ်ရက်ကို (၂၄)နာရီ၊ သရက်ချောင်း၊ မောင်းမကန်မှာ တ စ်ရက်ကို (၁၂)နာရီ၊ မလိကျွန်း၊ ဘုတ်ပြင်းမှာ တစ်ရက်ကို(၆)နာရီ၊ တနင်္သာရီ၊ ပုလောက်မြို့မှာ တစ်ရက်(၅) နာရီ ရေဖြူ၊ လောင်းလုံ၊ မေတ္တာ၊ ကလိန်အောင်၊ ခမောက်ကြီး စသည့် နေရာတွေမှာ တစ်နေ့(၄) နာရီ၊ ပြည်ကြီးမဏ္ဍိုင်မှာ တစ်ရက်ကို (၃)နာရီ စသည်ဖြင့် ဓာတ်အားတွေ ပေးထားပါတယ်။ မြို့မီးလင်းရေး ကော်မတီများအနေနဲ့ ဓာတ်အားပေးထားသော ကော်မတီများအနေနဲ့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပိုင် ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနဲ့မီးစက်များကို အသုံး ပြုခွင့်ပေးထားပြီး ဖြစ်ပါတယ်။ ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံ ကြံ့ခိုင်ထိန်းသိမ်းရေး လုပ်ငန်း များကိုလည်း တိုးချဲ့ပြီးတော့ လျှပ်စစ်(၂)ဝန်ကြီးဌာနကပဲ ဆက်လက် ဆောင်ရွက် ပေးလျက် ရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီး ကမ်းလွန်ဒေသမှာရရှိတဲ့ သဘာဝဓာတ်ငွေ့တွေကို သဘာဝ ဓာတ်ငွေ့ဖြင့် မောင်းနှင်သောစက်များကို အသုံးပြုပြီးတော့ လျှပ်စစ်ဓာတ်အားကို ထုတ်ပေး ပြီးတော့ မြန်မာနိုင်ငံမှာ ဓာတ်အားပေးပို့လျက်ရှိပါတယ်။ ရေအားလျှပ်စစ်စက်ရုံမှ လည်ပတ်လို့ ရရှိတဲ့ဓာတ်အားများနဲ့ ပေါင်းစပ်ပြီးတော့ ဓာ တ်အားပို့လွှတ်ရတာ ဖြစ်ပါတယ်။ ပို့လွှတ်ဖြန့်ဖြူး တဲ့ နိုင်ငံတော်ဓာ တ်အားစနစ်တွေဟာ မွန်ပြည်နယ်၊ မော်လမြိုင်မြို့အထိ ဓာတ်အားရောက်ရှိပြီး ဖြစ်ပါတယ်။ ထိုမှတစ်ဆင့် သံဖြူဇရပ်မြို့ထိ လျှပ်စစ်ဓာတ်အားကလည်း ရောက်ရှိ ဖြန့်ဖြူးပေးပြီး ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ လျှပ်စစ် ဓာတ်အား တိုးတက်ထုတ်လုပ်လျက်ရှိပြီး မွန်ပြည်နယ်မှ တစ်ဆင့် တနင်္သာရီတိုင်းဒေသကြီးကိုပါ နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ် ဓာတ်အား ရရှိပြီးပါက ဓာတ်အားခများလည်းနိုင်ငံတော်က သတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်းဖြစ်လာမှာ ဖြစ်ပါတယ်။ လက်ရှိသထုံမြို့ကို ရောက်ရှိနေပြီးဖြစ်တဲ့ ၂၃၀ KV ဓာတ်အားလိုင်းကို မော်လမြိုင် ထိ ဓာ တ်အားပို့လွှတ်ရန် စီမံကိန်းသတ်မှတ် ဆောင်ရွက်လျက်ရှိပါတယ်။ ယင်း စီမံကိန်းဟာ ၂၀၁၁-၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ အားလုံး ပြီးစီးမှာ ဖြစ်ပါတယ်။ မွန်ပြ ည်နယ်၊ မော်လမြိုင်မြို့ကို ၂၃၀ KV ဓာတ်အားလိုင်း ရောက်ရှိပြီးလို့ရှိရင် မော်လမြိုင်ကတ စ်ဆင့် ထားဝယ်နဲ့ မြိတ်မြို့ကို ၂၃၀ KV ဓာတ်အား လိုင်း နဲ့ ဆက်လက်ပြီး တည်ဆောက်သွား မှာ ဖြစ်ပါတယ်။ ၎င်းမှ တစ်ဆင့် ဘုတ်ပြင်း ၊ ကော့သောင်းမြို့များအထိ ၂၃၀ KV မဟာဓာတ်အား လိုင်းများ ရရှိရေးအတွက်လည်း စီမံကိန်းများ လျာထားပြီး ဖြစ်ပါတယ်။ ရေအားလျှပ်စစ် ဓာတ်အားပေးရုံများ၊ ဓာတ်ငွေ့သုံးဓါတ်အားပေးစက်ရုံများရဲ့ ထုတ်လုပ်မှုလျှပ်စစ်ဓာတ်အားကို

ပူပေါင်းပြီးတော့ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့များသို့ နိုင်ငံတော်ဓာတ်အားလိုင်းစနစ်မှ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးမည့် အစီအမံများ ထားရှိပြီး ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားရင်းနဲ့ ကျွန်တော်ရဲ့ ပထမဦးဆုံး ဖြေကြားချက်ကို နိဂုံးချုပ် တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန် တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ မေးမြန်းလာသော မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးအဖွဲ့ရဲ့ ယခုနှစ် ပြည်ထောင်စု အစိုးရသစ်တာဝန်ယူပြီးချိန်မှစပြီးတော့ ဓာ တ်အားပျောက်ဆုံးမှုမှာ ၂၀၁၁ခုနှစ် ဇွန်လမှာ ၁၉ ရာခိုင်နှုန်းရှိကြောင်းတွေ့ရှိရပါတယ်။ နှစ်အလိုက်ပြော ရမယ်ဆိုရင် ၂၀၀၇ခုနှစ် မှာ ၂၄.၂၆ ရာခိုင်နှုန်း Losses ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်မှာ ၂၂.၉၈ ရာခိုင်နှုန်း ရှိပြီးတော့ ၂၀၀၉ ခုနှစ်မှာ ၂၁.၁၈ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်မှာ ၂၀.၄၁ ရာခိုင်နှုန်း ဖြစ်ပြီးတော့ ၂၀၁၁ ခုနှစ်မှာ ၁၉ ရာခိုင်နှုန်းတို့ရှိကြောင်း လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများမှာ အဓိကအားဖြင့်အပိုင်း(၂) ပိုင်းရှိပါ တယ်။ ပထမတစ်ပိုင်းကတော့ နည်းပညာပိုင်းဆိုင်ရာပျောက်ဆုံးမှု Technical Losses ဖြစ်ပါတယ်။ ဒုတိယပိုင်းကတော့ လူကြောင့်ဖြစ်ပေါ်သော ပျောက်ဆုံးမှု Non-Technical Losses တို့ဖြစ်ပါတယ်။ နည်းပညာပိုင်းဆိုင်ရာ ပျောက်ဆုံးမှုဖြစ်ပေါ်ရခြင်း အပိုင်းကတော့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေး လျက်ရှိတဲ့ဓာတ်အားလိုင်းတွေရဲ့အရွယ်အစားနဲ့ အကွာအဝေးနဲ့ ထရန်စဖော်မာများမှာ ပျောက်ဆုံးမှု ဖြစ်ပေါ်ခြင်း၊ ဓာတ်အားလိုင်းနှင့် သစ်ပင်သစ်ကိုင်းတို့ ထိဆက်နေခြင်းတို့ကြောင့် ဓာတ်အား ပျောက်ဆုံးမှု ဖြစ်ပေါ်ခြင်း ဥပမာအားဖြင့်မြန်မာနိုင်ငံမှာ အမြင့်ဆုံးဓာတ်အားလိုင်းဖြစ်တဲ့ ၂၃၀ KV မဟာဓာတ်အားလိုင်းဆိုလို့ရှိရင် မည်သည့်အရာ ဝတ္ထု ဥပမာ သစ်ပင်သစ်ကိုင်းနဲ့ ထိစပ်ခြင်း မရှိသော်လည်း ဓာ တ်အားပို့လွှတ်တဲ့နေရာကနေ လက်ခံတဲ့ နေရာထိ ဓာတ်အားလိုင်းများကြားမှာ ဓာတ်အားပျောက်ဆုံးမှုဟာ ၇ ရာခိုင်နှုန်းရှိကြောင်း နိုင်ငံတကာရဲ့ ဓာတ်အားပျောက်ဆုံးမှုမှာ လည်း ၇ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဓာတ်အားဖြန့်ဖြူးပေးတဲ့ ဓာတ်အားလိုင်း ကြိုးများအနေနဲ့ ယခင်တချိန်က သုံးစွဲတဲ့ဓာတ်အားပမာဏ လိုင်းကြိုးများကိုက်ညီမှု ရှိခဲ့သော်လည်း ဖွံ့ဖြိုးတိုးတက်လာသော ဓာ တ်အားသုံးစွဲမှု အခြေအနေအရ သေးငယ်နေတဲ့ဓာတ်အားလိုင်း ကြိုးများကို ကြိုးကြီးများနဲ့လဲလှယ်ခြင်း၊ အကွာအဝေးကြောင့် လိုင်းကြိုးများ ရှည်လျားစွာတည်ရှိမှု နည်းရန် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း ၊ ဝန်ပိုနေတဲ့ ထရန်စဖော်မာများအား ဓာတ်အား လျော့နည်းစေရန် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်း System

Improvement ဆိုတဲ့ လုပ်ငန်းတွေကို ရန်ပုံငွေ ခွင့်ပြုချက်တွေ တောင်းခံပြီး ဆောင်ရွက်လျှ က်ရှိပါတယ်။ ဥပမာအားဖြင့် ရန်ကုန်တိုင်းအတွင်းမှာ တာမွေ မြို့နယ်ကို ကြည့် မယ်ဆိုရင် လွန်ခဲ့တဲ့ ၂၀၀၆ ခုနှစ် က တည်ဆောက်ခဲ့တဲ့ ဓာ တ်အားလိုင်းကြိုးတွေဟာ သုံးစွဲသူ ၃၀၃၄၆ ဦး၊ သုံးစွဲယူနစ် ၅.၂ ယူနစ်သန်းပေါင်းရှိတဲ့ နေရာကနေပြီးတော့ ၂၀၁၁ ခုနှစ် မှာ သုံးစွဲသူဟာ ၄၂၅၆၁ ဦး နှင့် သုံးစွဲတဲ့ယူနစ်က ၁၀.၄၈ သန်းဖြစ်တဲ့ အတွက်ကြောင့် သုံးစွဲတဲ့ယူနစ်က ၂ ဆ တက်လာတာကို တွေ့ ရမှာ ဖြစ်ပါတယ်။ အဆောက်အဦ တွေမှာလည်း တိုးတက်များပြားလာတဲ့အတွက် ဓာတ်အားသုံးစွဲမှု ဓာ တ်အားလိုင်းကြိုးမှာလည်း လိုက် လျောညီထွေ မ ရှိတော့သဖြင့် နည်းပညာပိုင်းဆိုင်ရာ ဓာတ်အားပျောက်ဆုံးမှု Technical Losses များဖြစ်ပေါ် နေကြောင်း တွေ့ရှိရပါတယ်။ ဒါ့ အပြင် ရန်ကုန်မြို့ အတွင်း ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး အတွက် အပတ်စဉ်ဓာတ်အားလိုင်းများအား ဓာ တ်အားပိတ်ပြီး သစ်ပင်ခုတ်ခြင်း၊ မြို့နယ် အသီးသီးမှာ ဓာတ်အားလိုင်းနဲ့ ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၀၆ ခုနှစ် မှ ၂၀၁၁ ခုနှစ် အတွင်းမှာ ၆၆ KVနှင့် ၃၃ KV ဓာတ်အားခွဲရုံ ၁၈ ရုံ ၊ ထရန်စဖော်မာ ၂၈၂ လုံး၊ ဓာ တ်အားလိုင်း မိုင် ၁၃၁ မိုင်ကို ရန်ကုန်မြို့ မှာ တိုးချဲ့တည်ဆောက်ခြင်းများ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဓာ တ်အားသုံးစွဲသူများ တပ်ဆင်သုံးစွဲလျက်ရှိတဲ့ ရက်ပျက်မီတာများနဲ့ နှစ်ကြာမီတာများအား မီတာအသစ် လဲလှယ်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာအားဖြင့် ရန်ကုန်မြို့မှာ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ ရက်ပျက် နေအိမ်သုံးမီတာပေါင်း ၁၁၆၁၄၆ လုံး၊ စက်မှုသုံးပါဝါမီတာ ၂၃၄၆ လုံး နဲ့ နှစ်ကြာမီတာ၊ အိမ်သုံးမီတာ ၇၆၈၁၀ လုံး၊ စက်မှုသုံးပါဝါမီတာ ၁၆၉၇၄ လုံး၊ စုစုပေါင်း မီတာပေါင်း ၂၁၂၂၇၆ လုံး တို့ကို Unit Losses ကျဆင်းရေးအတွက် လဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ လူကြောင့် ဖြစ်ပေါ်လာတဲ့ ဓာ တ်အားပျောက်ဆုံးမှု Non -Technical Losses မှာ ဓာတ်အားသုံးစွဲသူများမှ တရားမဝင် ဓာတ်အားသုံးမှုများကြောင့်လည်း လစဉ်ယူနစ် ဖတ်ရာမှာ မှားယွင်းမှုများလည်း ဖြစ်ပေါ်နေပါတယ်။ ရန်ကုန်မြို့တော် အတွင်း၂၀၀၆ ခုနှစ်မှာ တရားမဝင် ဓာတ်အားခိုးယူသုံးစွဲမှုပေါင်း ၁၃၂၇ မှု၊ ၂၀၀၇ခုနှစ်မှာ တရားမဝင် ဓာတ်အားခိုးယူသုံးစွဲမှုပေါင်း ၁၄၁၀ မှု၊ ၂၀၀၈ ခုနှစ်မှာ တရား မဝင်ဓာတ်အားခိုးယူသုံးစွဲမှုပေါင်း ၅၅၄၈မှု၊ ၂၀၀၉ ခုနှစ်မှာ တရားမဝင်ဓာတ်အားခိုးယူသုံးစွဲမှုပေါင်း ၁၃၀၁မှု၊ ၂၀၁၀ ခုနှစ်မှာ တရားမဝင် ဓာတ်အား ခိုးယူသုံးစွဲမှုပေါင်း ၁၅၃၃ မှု၊ ၂၀၁၁ ခုနှစ် ဇူလိုင်လအထိ တရားမဝင် ဓာတ်အားခိုးယူ

သုံးစွဲမှုပေါင်း ၂၂၅၂မှု ရှိပြီးတော့ စုစုပေါင်း ၁၁၃၄၄မှု ကို ဖမ်းဆီးပြီးတော့ နစ်နာခဲ့မှုအတွက် ယူနစ်သန်းပေါင်း ၅၇.၄၆ သန်း အတွက် နစ်နာကြေး ဒဏ်ကြေးတောင်းတဲ့ အခါမှာ ဓာတ်အားခ ငွေကျပ်သန်းပေါင်း ၂၉၈၉ သန်းနဲ့ အမေရိကန် ဒေါ်လာ၂၆၈၄၃ ဒေါ်လာ တို့ကို တောင်းခံ နိုင်ခဲ့ပါတယ်။ ဓာ တ်အားသုံးစွဲသူများရဲ့ ဓာတ်အားခိုးယူသုံးစွဲမှုများ မရှိစေရေး၊ မြို့နယ်အလိုက် လစဉ်ကွင်းဆင်းစစ်ဆေးခြင်း၊ ယူနစ်သုံးစွဲဖတ်ရှုရာမှာ မှားယွင်း မှုမရှိစေရေးအတွက် လစဉ် ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရန်ကုန်မြို့နယ် လျှပ်စစ်ဓာတ်အားခွဲမှ တာဝန်ရှိသူ များက ပံ့ပိုးပြီးတော့ စစ်ဆေးရေးများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေး အဖွဲ့အနေနဲ့ ရန်ကုန်မြို့တွင် Unit Losses ကျဆင်းရေးကိစ္စများကို အလေးထားဆောင်ရွက်လျက် ရှိပါတယ်။ အများပြည်သူများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချရာမှာလည်း အိမ်တွင်းသုံး တစ်ယူနစ်ကို ၂၅ ကျပ်နှုန်း ၊ စစ်မှုသုံးတစ်ယူနစ်ကို ၅၀ ကျပ်နှုန်း ရောင်းချပေးနေသော်လည်း ဓာတ်အားတစ်ယူနစ်ရဲ့ ထုတ်လုပ်မှုစရိတ်က ၆၀ ကျပ် ဖြစ်နေပြီဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်မှလစဉ် အရှုံးခံပြီးတော့ပေးနေတာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ ဘဏ္ဍာရေးနှစ် အတွင်း ဓာတ်အားထုတ်လုပ်မှု စုစုပေါင်း ယူနစ်သန်းပေါင်း ၁၀၈၈.၄ သန်း ဖြန့်ဖြူးပေးခဲ့ ပြီးတော့ ငွေကျပ် ၂၆၈.၃၂၄ ဘီလီယံခန့် နိုင်ငံတော်မှ အရှုံးခံပြီး ဖြန့်ဖြူးပေး ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွက် ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အားပေးအဖွဲ့သို့ ဘဏ္ဍာရေးနှစ် အတွင်း ဓာတ်အားယူနစ် သန်းပေါင်း ၄၉၂၀.၈၂ သန်း ခွဲဝေပေးခဲ့ပြီး ငွေကျပ် ၁၁၈.၁၆ ဘီလီယံ ခန့် အရှုံးခံပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်။ နိုင်ငံနှင့်တစ်ဝန်း သုံးစွဲသည့် ယူနစ်ပိုမို များပြား လာသည်နှင့်အမျှ အရှုံးခံဆောင်ရွက်မှု ငွေပမာဏလည်း ပိုမို များပြားလာမှာ ဖြစ်ပါတယ် ။ Unit Losses ကျဆင်းရေးအတွက် သုံးစွဲရန်ယူနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ် အတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် ထရန်စဖော်မာတိုးချဲ့ခြင်း၊ ဓာတ်အားလိုင်းများ တိုးချဲ့ခြင်း အရွယ်အစားကြီးမားသော ဓာတ်အားလိုင်းကြိုးများ အစားထိုးလဲလှယ်ခြင်းစသည့် ဓာတ်အားစနစ်တိုးတက်ကောင်းမွန်စေရန် လုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ၃၃ KV ဓာတ်အားခွဲရုံ ၃၀ ရုံနဲ့ တပ်ဆင်အား ၂၀၇ MVAရှိ ထရန်စဖော်မာ ၃၂ လုံး ကို အသစ်တိုးချဲ့ပေးခဲ့ပါတယ်။ ၃၃ KV ဓာတ်အားခွဲရုံ ၁၅ ရုံ၊ တပ်ဆင်အား ၁၆၃ MVA ရှိ ထရန်စဖော်မာ ၁၅ လုံး၊ မီးစက် ထရန်စဖော်မာ ၁၅ လုံး အစားထိုးပေးနိုင်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ် မှ ၂၀၁၁ ခုနှစ် အတွင်း ၆၆ KV ၃၃ KV ဓာတ်အား ခွဲရုံ ၁၈ ရုံ၊ ထရန်စဖော်မာ ၂၈၂ လုံး နဲ့

ဓာတ်အားလိုင်း မိုင် ၂၃၁ မိုင် တိုးချဲ့ ဆောင်ရွက်ခဲ့လို့ နိုင်ငံတော်တ စ်ဝန်းတွင်လည်း ထရန်စဖော်မာ ၅၁၈၂ လုံး တပ်ဆင်အင်အား ၂၅၉၃ MVA ဓာတ်အားလိုင်း မိုင်ပေါင်း ၃၉၄၉ မိုင် ဓာတ်အားခွဲရုံ ၃၆၄ ရုံ ကို တိုးချဲ့ဆောင်ရွက်ခြင်း အားဖြင့် Unit Losses ကျဆင်းရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၆ - ၂၀၀၇ ဘဏ္ဍာရေးနှစ် အတွင်းမှာ Unit Losses ၂၄.၂၆ ရာခိုင်နှုန်း ရှိပေမယ့် ယခု ဇွန်လမှာ ၁၉ ရာခိုင်နှုန်း ထိလျော့ကျအောင် Unit Losses ကျဆင်းရေးကိစ္စကို တတ် နိုင်သမျှ လူအား၊ ငွေအားစိုက်ထုတ်၍ စီမံချက် ရေးဆွဲကာ စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြား ရင်း ကျွန်တော်ရဲ့ ဖြေကြားချက်ကို နိဂုံးချုပ် ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် မေးထားတဲ့မေးခွန်းကို ဆက်လက်ပြီး ဖြေကြား သွားမှာဖြစ်ပါတယ်။ မိတ္ထီလာမြို့နယ် ကန်သာကျေးရွာ အုပ်စု ထနောင်းကန်စံပြကျေးရွာမှာ အိမ်ထောင်စုပေါင်း ၂၀၆ စုခန့်ရှိပါတယ်။ ကျေးရွာလူထုအနေနဲ့ ကိုယ့်အားကိုယ်ကိုး မီးလင်းရေး ကော်မတီဖွဲ့စည်းဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိရေး လျှောက်ထားပြီးဖြစ်ပါတယ်။ ထနောင်းကန်စံပြကျေးရွာ လျှပ်စစ်ဓာ တ်အားရရှိရေးအတွက် မိတ္ထီလာ ၊ ဝမ်းတွင်း ၁၁ KV ဓာတ်အားလိုင်းမှ ကျေးရွာသို့ ၁၁ KVဓာတ်အားလိုင်း ပေ ၃၀၀၀ တည်ဆောက်ခြင်း၊ ကျေးရွာ အတွင်း ၁၁/၀.၄KV ၃၁၅ KV ထရန်စဖော်မာ တစ်လုံးနဲ့ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၄၁၀၀ ပေ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ကျေးရွာ မီးလင်းရေးအတွက် လိုအပ်သည့်နည်းပညာပိုင်းများ ကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ လျှပ်စစ် ဓာတ်အားလိုင်း တည်ဆောက်ရေး လုပ်ငန်းများပြီးသည်နှင့် ဓာတ်အားလွှ တ်ခွင့် ရရှိရေးကို အမှတ် (၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအနေဖြင့် အမြန် ဆုံး ဆက်လက်ဆောင်ရွက်ပေးသွား မည် ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အမှတ်(၆) မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်ရဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါ တယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသမှာ လက်ရှိ အခြေအနေမှာ နိုင်ငံတော်ဓာ တ်အားစနစ်နှင့် အလွန်ဝေးကွာလျက်ရှိတဲ့အတွက် အသေးစားရေအား လျှပ်စစ်ဓာတ်အားပေးစက်များ ဒီဇယ်စက်

များနဲ့ ဓာတ်အားပေးတဲ့နည်းလမ်း၊ အိမ်နီးချင်းနိုင်ငံများမှ ဓာတ်အားရယူတဲ့နည်းလမ်းများနဲ့ ဒေသတွင်း မြို့ရွာများကို ဓာတ်အားပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ ခရိုင်အဆင့် ၄ မြို့၊ မြို့နယ်အဆင့် ၁၁ မြို့၊ မြို့နယ်ခွဲ အဆင့် ၈ မြို့တို့ အပါအဝင် မြို့အဆင့်မြို့ ပေါင်း ၁၈ မြို့နဲ့ ယင်းမြို့နဲ့ ဆက်စပ်နေတဲ့ ကျေးရွာပေါင်း ၃၅ ရွာကို လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံခရိုင်အတွက် နမ့်ဝုတ်အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံက ၁၀၀၀ ကီလိုဝပ် ၁၃ လုံး စုစုပေါင်း တပ်ဆင်အင်အား ၃၀၀၀ ကီလိုဝပ် တပ်ဆင်ထားပြီး၁၉၉၁ ခုနှစ်မှာ စတင် ဓာတ်အားပေးပါတယ်။နမ့်လပ် အသေးစားရေအားလျှပ်စစ်စက်ရုံက ၁၆၀ ကီလိုဝပ် စက် ၃ လုံး စုစုပေါင်းတပ်ဆင်အင်အား ၄၈၀ ကီလိုဝပ် တပ်ဆင်ထားပြီး၊ ၁၉၉၄ ခုနှစ်မှာ စတင်ဓာတ်အားပေးရပါတယ်။ အဆိုပါ ရေအား လျှပ်စစ်စက်ရုံ နှစ်ရုံနဲ့ ကျိုင်းတုံမြို့ရဲ့ ပတ်ဝန်းကျင်ကျေးရွာများကို ဓာတ်အားပေးထားပြီး မီးသုံးသူ ဦးရေ ၈၀၆၁ ဦး ရှိပါတယ်။ တဖန် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်ခရိုင် အတွင်း မယ်ပန် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံရှိပြီး ၆၀၀ ကီလိုဝပ် စက်နှစ်လုံး စုစုပေါင်း တပ်ဆင်အင်အား ၁၂၀၀ မဂ္ဂါဝပ်နဲ့ မိုင်းဆ တ်မြို့နယ် အနီးပတ်ဝန်းကျင် ကျေးရွာများကို ၂၀၀၂ ခုနှစ် မှစ၍ ဓာတ်အားပေးလျက်ရှိပါတယ်။ မီးသုံးသူဦး ရေ ၂၀၃၀ ဦးရှိပါတယ်။ ဒါ့အပြင် ရှမ်း ပြည်နယ် အရှေ့ပိုင်းဒေသ မြို့ရွာများကို ဝန်ကြီးဌာနမှ ဒီဇယ်စက်ပေါင်း ၅၃လုံး စုစုပေါင်း တပ်ဆင်အင်အား ၄၄၁၅.၈ ကီလိုဝပ်နဲ့ ဓာတ်အားပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသအတွင်းရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် အခြေအနေများကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ စူးစမ်းလေ့လာမှု ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း သိရှိရပါတယ်။ ယင်းလုပ်ငန်းများ ကတော့ ကျိုင်းတုံမြို့ရဲ့ မြောက်ဘက်မှာ နမ့်ပလူချောင်း ပေါ်မှာရှိတဲ့ ကျိုင်းတုံရေအားလျှပ်စစ်စီမံကိန်း ၉၆ မဂ္ဂါဝပ်၊ ကျိုင်းတုံရဲ့ အရှေ့မြောက် ၁၆ မိုင်နဲ့ ၄ ဖာလုံမှာရှိတဲ့ နမ့်ပလူချောင်းပေါ်မှာရှိတဲ့ ဝမ်တာပိန်း ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ်၊ ကျိုင်းတုံမြို့ရဲ့ အရှေ့မြောက်ဘက် ၁၈ မိုင် မှာရှိတဲ့ နမ့်ပလူချောင်းပေါ်မှာရှိတဲ့ စော လူးရေအားလျှပ်စစ်စီမံကိန်း ၁၆၅ မဂ္ဂါဝပ်၊ ကျိုင်းတုံမြို့ရဲ့ အရှေ့မြောက် ၅၁ မိုင် အကွာ နမ့်ပလွေချောင်းပေါ်မှာရှိတဲ့ မိုင်း၀ ရေအားလျှပ်စစ်စီမံကိန်း ၅၀ မဂ္ဂါဝပ်၊ ကျိုင်းတုံမြို့ ရဲ့ အရှေ့ဘက် ၆၁ မိုင်အကွာ နမ့်ပလွေချောင်းအပေါ်မှာရှိတဲ့ ကျိုင်းရမ်းရေအားလျှပ်စစ်စီမံကိန်း ၂၈ မဂ္ဂါဝပ်၊ ကျိုင်းတုံမြို့ရဲ့ အရှေ့ဘက် ၇၁ မိုင်အကွာ မှာ နမ့်ပလွေချောင်းမှာရှိတဲ့ ဟီကူး ရေအားလျှပ်စစ်စီမံကိန်း ၈၈ မဂ္ဂါဝပ်၊

မိုင်းပျဉ်းမြို့နယ် ဝမ်တာခရွာမှ အထက် ၈မိုင် ၆ ဖာလုံ နမ့်ခမြစ်ပေါ်မှာရှိတဲ့ နမ့်ခရေအားလျှပ်စစ် စီမံကိန်း ၂၀၀ မဂ္ဂါဝပ် တို့ ဖြစ်ပါတယ်။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ အဲဒီရေအား လျှပ်စစ်စီမံကိန်းများကိုတရုတ်နိုင်ငံနှင့် ပူးပေါင်းပြီးတော့ နားလည်မှုစာချွန်လွှာကို ၂၅- ၉ -၂၀၀၇ ရက်နေ့မှာ လက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်။ စီမံကိန်း အကောင်အထည်ဖော်ဖို့ ကုမ္ပဏီကနေ ပြီးတော့ အဆိုပါ လျှပ်စစ်စီမံကိန်းများ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု Feasibility Study Report ကိုအမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို တင်ပြပြီးဖြစ်ပါတယ်။ အမှတ်(၁) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနဲ့ ယင်းအစီရင်ခံစာအပေါ် အသေးစိတ်လေ့လာသုံးသပ်လျက်ရှိကြောင်း လည်း သိရှိရပါတယ်။ အဲဒီလို လေ့လာသုံးသပ်ရာမှာ စီမံကိန်းအမှန်တကယ် ဖြစ်မြောက်နိုင်ခြင်း ရှိ/ မရှိ အပါအဝင် စီမံကိန်း တည်ဆောက်မှုကြောင့် မြစ်ကြောင်းဆိုင်ရာ ပတ်ဝန်းကျင် ထိခိုက်မှု အခြေအနေများနှင့် လူမှုဘဝထိခိုက်မှုဆိုင်ရာ စိစစ်လေ့လာသုံးသပ်ချက်များကိုပါ အသေးစိတ် လေ့လာလျက်ရှိကြောင်း သိရှိရပါတယ်။ စီမံကိန်းအကောင်အထည်ဖော်မည့် ကုမ္ပဏီမှ တင်ပြ လာတဲ့ ဖြစ် မြောက်နိုင်စွမ်း အစီရင်ခံစာများရဲ့ စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်းရှိကြောင်း စစ်ဆေးတွေ့ရှိပါက ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုအခြေအနေများ နဲ့ လူမှုဘဝထိခိုက်မှုဆိုင်ရာ စိစစ် လေ့လာသုံးသပ်ချက်ကိုပါ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနဲ့ ပူးပေါင်းစုစည်း၍ လေ့လာဆောင်ရွက်သွားပြီးတဲ့နောက် နှစ်ဦးနှစ်ဖက် စီးပွားရေးဆိုင်ရာ တွက်ခြေကိုက်မှု စိစစ်တွက်ချက်ပြီး အသေးစိတ်ဆွေးနွေးလျက် သဘောတူ စာချွန်လွှာကို ချုပ်ဆိုပြီးတော့ စီမံကိန်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ အထက်ပါ ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်ရှိ လာမည့် လျှပ်စစ်ဓာ တ်အားကို ဒေသအတွင်း ဖြန့်ဖြူးပေးရန်အတွက် ပို့လျှံတဲ့ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်နဲ့ ချိတ်ဆက်ပို့လွှတ်နိုင်ရန်အတွက်လည်းကောင်း၊ အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအနေနဲ့ မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အား ဖြန့်ဖြူးရေးလိုင်းများ ဓာ တ်အားဖြန့်ဖြူးရေးဓါတ်အားခွဲရုံများ တည် ဆောက်ရန် စီမံကိန်းများ ချထားပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ လျှပ်စစ်ဓာတ် အား ပို့လွှတ်ဖြန့်ဖြူးမယ့် စီမံကိန်းများကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ကျို င်းတုံမြို့မှာ ၂၃၀/၁၀၀ MPA ဓာတ်အားခွဲရုံ၊ မိုင်းဖြတ်၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းပျဉ်းမှာ ၂၃၀/၁၆ KV ၆၀ MPA ဓာတ်အားခွဲရုံ ၂၃၀ KVAဓာတ်အားလိုင်းများဖြစ်တဲ့ ကျိုင်းတုံ - မိုင်းဖြတ် ၆၀ မိုင်၊

မိုင်းဖြတ် - တာချီလိတ် ၆၀ မိုင်၊ မိုင်းပျဉ်း - ကျိုင်းတုံ ၃၃ မိုင်၊ မိုင်းခတ် - မိုင်းဆတ် ၃၈ မိုင်နဲ့ မိုင်းခုတ် - ကျိုင်းတုံ ၇၀ မိုင်တည်ဆောက်ရေးလုပ်ငန်းများလည်း စီ မံထားပြီး ဖြစ်ပါတယ်။ ဆက်လက် ပြီး တော့ စီမံကိန်းများပြီးရ င် ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်လာမယ့် လျှပ်စစ်ဓာတ်အား ပို့လွှတ်နိုင်ရန် စီ မံကိန်းများနဲ့ ဆက်စပ်နေတဲ့ မဟာဓာ တ်အားလိုင်း စီမံကိန်းများကိုလည်း ဆောင်ရွက်ရန် ရည်မှန်းထားပါတယ်။ ကျိုင်းတုံ ရေအားလျှပ်စစ်စီမံကိန်းမှ ဝမ်တာပင်း ရေအားလျှပ်စစ်စီမံကိန်း ၂၃၀ KV မဟာဓာတ်အားလိုင်း ၂၈ မိုင်၊ ဝမ်တာပင်း ရေအားလျှပ်စစ်စီမံကိန်းမှ ကျိုင်းတုံမြို့သို့ ၂၃၀ KV မဟာဓာတ်အားလိုင်း ၂၂ မိုင် တည်ဆောက်ရေး စီမံကိန်း၊ နန့်ခရေအားလျှပ်စစ်စီမံကိန်းမှ မိုင်းပျဉ်းသို့ ၂၃၀ KV ၃၂ မိုင် တည်ဆောက်ရေး စီမံကိန်း စတာတွေကိုလည်း ကျွန်တော်တို့လျှပ်စစ်(၂)ဝန်ကြီးဌာနအနေနဲ့ စီမံထားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသမှ ထွက်လာတဲ့ ရေအားလျှပ်စစ်ဓာ တ်အားများအနက် ဒေသတွင်း အသုံးပြုပြီး ပိုလျှံ တဲ့ လျှပ်စစ်ဓာ တ်အားများကို နိုင်ငံတော် လျှပ်စစ်ဓာတ်အားများသို့ ချိတ်ဆက် ပို့လွှတ်နိုင်ရန်အတွက်လည်း စီမံကိန်းများကို ဆောင်ရွက်ထားပါ တယ်။ မိုင်းဆတ် - တာဆန်း ၂၃၀ KV မဟာဓာတ်အားလိုင်း မိုင်၄၀၊ တာဆန်း - နေပြည်တော်- ပျဉ်းမနား ၅၀၀ KVA မဟာဓာတ် အားလိုင်းတည်ဆောက်ရေး ၂၀၀ မိုင် တည်ဆောက်ရေး စီမံကိန်းများလည်း ပါဝင်ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ ရေအားလျှပ်စစ်စီမံကိန်းများ ဆက်လက် တည်ဆောက် မည့် ဓာတ်အားစနစ်များနှင့် ချိတ်ဆက်နိုင်ရန် အထက်သံလွင်၊ ကွမ်းလုံ၊ လားရှိုး၊ မိုင်းနောင်၊ ခိုလန်၊ မိုင်းပျ ဉ်း၂၃၀ KVA မဟာဓာတ်အားလိုင်း ၃၁၂ မိုင်နဲ့ တည်ဆောက်ရန် စီ မံကိန်း ချမှတ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျိုင်းတုံမြို့ အပါအဝင် ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသ အတွင်း လျှ ပ်စစ်မီး အပြည့်အဝရရှိနိုင်ရန် နိုင်ငံတော်မှ စီမံဆောင်ရွက်ထားပြီးဖြစ်တဲ့ အခြေ အနေကို သိရှိထားနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် ရဲ့ မေးမြန်းမှုနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါ တယ်။ ချင်းပြည်နယ် ပလက်ဝမြို့နယ်ဟာ လက်ရှိအခြေအနေအားဖြင့် နိုင်ငံတော်ဓာတ်အားစနစ် မှ ဝေးကွာတဲ့ မြို့ငယ်တစ်မြို့ ဖြစ်ပါတယ်။ ဒါကြောင့် မြို့အဆင့်နဲ့ လိုက်လျောညီထွေ ပြီး ပြည်သူ လူထု လျှပ်စစ်ဓာ တ်အား အသုံးပြုနိုင်ရန် အတွက် ၂၅ KW ရေအားလျှပ်စစ် ၂ လုံး၊ စုစုပေါင်း

တပ်ဆင် ၅၀ KW ရှိ သင်းသယ်ရှိ ချောင်းငယ် အသေးစား ရေအားလျှပ်စစ်ဓာတ်အား စက်ရုံငယ် တစ်ခုတည်ဆောက်ပြီး ပလက်ဝမြို့ကို ၁၉၈၈ ခုနှစ်မှစ၍ လျှပ်စစ်မီးပေးခဲ့ပါတယ်။ ၎င်းအသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ မိသားစုဦးရေ ၁၁၀ ဦးကို မိုးကာလ မီးပေးချိန် ည ၇ နာရီ မှ ၁၀ နာရီ တစ်ရက်လျှင် ၃ နာရီ မီး ပေးနိုင်ပါတယ်။ ဒါ့အပြင် ၁၂၀ KW ဒီဇယ်အင်ဂျင်စက် ၂ လုံးနဲ့ ၅.၇ KW ဒီဇယ်အင်ဂျင်စက် တစ်လုံးနဲ့ မီးသုံးသူဦးရေ ၅၇၀ ဦး ကိုလည်း အလှည့်ကျ လျှပ်စစ်ဓာတ်အားပေးလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရနဲ့ ပြည်သူများ အတွက် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိပါတယ်။ လျှပ်စစ်ဓာ တ်အား ထုတ်လုပ် နိုင်ရန်ဒေသနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် အခြေအနေများ စူးစမ်းလေ့လာမှုဆောင်ရွက်ခဲ့ရာ ပလက်ဝမြို့ ၁၅ မိုင်အကွာ ခဝဲရွာအနီး ပီချောင်းပေါ်မှာ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မယ့် အ ခြေအနေကို ၂၀၀၂ ခုနှစ်တွင် ပဏာ မစူးစမ်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပါတယ်။ စူးစမ်းလေ့လာမှုဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုအခြေအနေ လူမှုဘဝထိခိုက်မှု ဆိုင်ရာ စိစစ်လေ့လာမှုများအပြင် စီးပွားရေးရာ တွက်ခြေကိုက်မှုများကို အဆင့်ဆင့်လေ့လာပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ဆဲ ဖြစ်တဲ့ လေးမြို့ရေအားလျှပ်စစ် စီမံကိန်း ၅၀၀ မဂ္ဂါဝပ် နဲ့ စိုင်ဒ င်ရေအားလျှပ်စစ်စီမံကိန်း ၇၅ မဂ္ဂါဝပ်တို့နဲ့ ဆက်စပ်ပြီး ရခိုင်ပြည်နယ် ဒေသအတွင်း လျှပ်စစ်မီးများ ဖြန့်ဖြူးပေးနိုင်ရန် နိုင်ငံတော်အစိုးရနဲ့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ရေအားလျှပ်စစ်စီမံ ကိန်းကြီးမှ ထွက်လာတဲ့ လျှပ်စစ်ဓာတ်အားကို ရခိုင်ပြည်နယ် ကျောက်တော်မြို့ မှ ၁၃၀/၁၁ KV ၆၀ MPW ဓာတ်အားခွဲရုံ တည်ဆောက်ကာ ဓာတ်အားလက်ခံပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသအတွင်း ပေးရန်အတွက် လည်း စီမံကိန်းချမှတ်ထားပြီး ဖြစ်ပါ တယ်။ ဒါ့ပြင်ဒေသမှာ ပို့လျှံ တဲ့ လျှပ်စစ်ဓာ တ်အားကို ရခိုင်ပြည်နယ်အတွင်းတည်ဆောက်မယ့် ဥသျှစ်ပင်- တောင်ကုတ် ၂၃၀ KV ဓာတ်အားလိုင်း ၆၉ မိုင်၊ တောင်ကုတ် - မအီဓာတ်အားလိုင်း ၃၂ မိုင်၊ မအီ -အမ်း ၂၃၀ မဟာဓာတ်အားလိုင်း ၃၈ မိုင်၊ အမ်း-မန်း ၂၃၀ ဓာတ်အားလိုင်း ၈၀ မိုင် တို့နဲ့ ဆက်စပ်ပြီး အမ်း - ကျောက်တော် ၂၃၀ ဓာတ်အားလိုင်း ၁၂၀ မိုင်ကိုလည်း တည်ဆောက်ထားပြီး နိုင်ငံတော်ဓာတ်အားစနစ်နဲ့ ချိတ်ဆက် ဆောင်ရွက်သွားရန် စီမံကိန်းချလျက် ရှိပါတယ်။ အဆိုပါ စီမံကိန်းများ အကောင်အထည် ပေါ်လာပါက ချင်းပြည်နယ် ပလက်ဝနဲ့ပတ်ဝန်းကျင်ကျေးရွာများအထိ နိုင်ငံတော်ဓာတ်အားစနစ်မှ

ခါတ်အားအပြည့်အဝ ပေးနိုင်မှာဖြစ်ကြောင်း ဖြေကြားရင်း ကျွန်တော်ရဲ့ ဖြေကြားချက်ကို နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း ၅၇။**

**ဒုတိယဥက္ကဋ္ဌ။** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးကမေးမြန်းသည့် မေးခွန်းများသည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တစ်ဦး တည်း က ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ် ၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ ၊ ရတနာပုံကျေးရွာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကျေးရွာအဆင့်နှင့်လျော်ညီသော ကျန်းမာရေး စောင့်ရှောက်မှုဌာန တစ်ခု ဖွင့်ပေးပါရန်နှင့် သားဖွားဆရာမတစ်ဦး အမြန်ဆုံးတာဝန်ထမ်းဆောင်ရန် စီစဉ်ပေးနိုင်ခြင်း ရှိ / မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း ၅၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးတိုးဝင်း က တနင်္သာရီတိုင်း ဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ၊ ရတနာပုံ ကျေးရွာတွင် ကျန်းမာရေးဝန်ကြီးဌာနမှကျေးရွာအဆင့်နှင့်လျော်ညီသော ကျန်းမာရေးစောင့်ရှောက်မှု ဌာနတစ်ခုဖွင့်ပေးပါရန်နှင့် သားဖွားဆရာမ တစ်ဦး အမြန်ဆုံး တာဝန်ထမ်းဆောင်ရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း ၅၈။**

**ဦးတိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးတိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ တနင်္သာရီတိုင်း ဒေသကြီး ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင် မြို့နယ်ခွဲ၊ ရတနာပုံကျေးရွာတွင် ကျန်းမာရေးဝန်ကြီး ဌာနမှ ကျေးရွာအဆင့်နှင့်လျော်ညီသော ကျန်းမာရေးစောင့်ရှောက်မှုဌာန တစ်ခုဖွင့်ပေးပါရန်နှင့် သားဖွားဆရာမတစ်ဦး အမြန်ဆုံးတာဝန်ထမ်းဆောင်ရန် စီစဉ်ပေး နိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့

မေးခွန်းမေးမြန်းမှုဖြစ်ပါတယ်။ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရတနာပုံကျေးရွာ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်အတွင်းမှာ တည်ရှိတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ် ခင်ဗျား။ ပြည်ကြီးမဏ္ဍိုင်မြို့ကနေပြီးတော့ ၃၂ မိုင်ကွာ ဝေးပြီးတော့ ထိုင်း နိုင်ငံမှ ၉ မိုင်သာကွာ ဝေးတဲ့ နယ်စပ်ရွာလေးတစ်ရွာလည်း ဖြစ်ပါတယ်။ ယခင်က ရတနာပုံကျေးရွာဟာဆိုလို့ရှိရင် သတ္တုတွင်းဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ သတ္တုတွင်း တစ်ခုဖြစ်ပြီးတော့ ၁၉၈၁ - ၈၂ ခုနှစ်မှာ သတ္တုတွင်းလုပ်ငန်း ရပ်ဆိုင်းသွားတဲ့အတွက် ရတနာပုံ ကျေးရွာအနေနဲ့ တည်ရှိပြီးတော့ ယခုအချိန်မှာ လူဦးရေ ၅၀၀ ကျော် နေထိုင်လျက် ရှိပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရတနာပုံ ကျေးရွာ ကနေပြီးတော့ ဆေးရုံရှိတဲ့ ပြည်ကြီးမဏ္ဍိုင်မြို့ကို သွားမယ်ဆိုရင် မိုးရာသီမှာဆိုရင်တော့ နွေရာသီမှာသာ ကျွန်တော်တို့ကားနဲ့သွားလို့ရပြီးတော့ မိုးရာသီမှာတော့ ကျွန်တော်တို့ ဆိုင်ကယ် တစ်မျိုးတည်းနဲ့သာ သွားလို့ရတဲ့ ကျေးရွာလေးတစ်ရွာ ဖြစ်ပါတယ်ခင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ရတနာပုံကျေးရွာဟာဆိုလို့ရှိရင် သတ္တုတွင်းဝန်ကြီးဌာနရှိတဲ့ အချိန်တုန်းကတော့ဆေးရုံတွေ တည်ရှိပါတယ်။ ၁၉၈၁ - ၈၂ ခုနှစ်မှာ သတ္တုတွင်းလုပ်ငန်း ရပ်ဆိုင်းလိုက်တဲ့အတွက် ရတနာပုံ ကျေးရွာမှာ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ သားဖွားဆရာမတစ်ဦးကို သာထားရှိခဲ့ပါတယ်။ ဒီသားဖွားဆရာမကလည်း ၁၉၈၁ - ၈၂ ခုနှစ် ကနေပြီးတော့ ၂၀၁၁ ခုနှစ် ဧပြီလမှာ အခြားမြို့သို့ ပြောင်းရွှေ့သွားခဲ့ပါတယ်၊ ၂၀၁၁ ခုနှစ် ဧပြီလ ကနေပြီးတော့ စက်တင်ဘာလအထိမှာတော့ သားဖွားဆရာမ (၂)ဦး တာဝန်ချထားပေးတယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ သို့သော်လည်း သားဖွားဆရာမတစ်ဦးသာလျှင် ရတနာပုံကျေးရွာမှာ တစ်ရက်သာ တာဝန်ထမ်းဆောင်ပြီးတော့ ကျန်တဲ့ သားဖွားဆရာမတွေကတော့ လာရောက်တာဝန်ထမ်းဆောင်ခြင်း မရှိသည်ကို သိရှိရ ပါတယ် ခင်ဗျား။ ဒါကြောင့်မို့လို့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုလို့ရှိရင် ရတနာပုံ ကျေးရွာမှာ ကျန်းမာရေးစောင့်ရှောက်မှု မရရှိခဲ့တာဟာ နှစ်ပေါင်း(၁၀)နှစ် ကျော်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ဒေသခံပြည်သူလူထုများ လူထုများရဲ့ကိုယ်စား ကျွန်တော့်အနေနဲ့ မေးခွန်း (၂)ခုမေးမြန်းခြင်း ဖြစ်ပါတယ်။ ပထမ မေးခွန်းကတော့ ရတနာပုံကျေးရွာတွင် သားဖွားဆရာမတစ်ဦး အမြန်ဆုံး တာဝန်ထမ်းဆောင်ရန် စီစဉ်ပေးနိုင် ခြင်းရှိ/မရှိ။ ဒုတိယမေးခွန်းကတော့ ရတနာပုံကျေးရွာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကျေးရွာအဆင့်နှင့် လျော်ညီသော ကျန်းမာရေးစောင့်ရှောက်မှု ဌာနတစ်ခု ဖွင့်ပေးပါရန် အစီအစဉ် ရှိ/မရှိ။ ရှိလျှင် မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုပါသည်။ ကျေးဇူးတင်ပါသည်။

**ချင်းပြည်နယ်တွင် ဒေသခံဆရာဝန်များ၊ သူနာပြုများနှင့် သားဖွားဆရာမ များအား လစ်လပ်နေရာများ၌ အမြန်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၄း ၀၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှဦးဟာရှိန်းဘွေက ချင်းပြည်နယ်တွင် ဒေသခံဆရာဝန်များ၊ သူနာပြုများနှင့် သားဖွားဆရာမများအား လစ်လပ်နေရာများ၌ အမြန်ခန့်ထားပေးရန် အစီအစဉ် ရှိ /မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းရန်ဖြစ်ပါတယ်။

**အချိန်၊ ၁၄း ၀၂။**

**ဦးဟာရှိန်းဘွေ၊ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)။** ။လေးစားအပ်တဲ့အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ကျန်းမာရေး ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် ၊ မင်းတပ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ဒေသခံ လက်ထောက်ဆရာဝန်များ၊ သူနာပြု သားဖွားဆရာမများ ခန့်ထားနိုင်ရေးကိစ္စပဲ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြမယ့် မေးခွန်းကို စာဖြင့် ဖတ်ကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ကျွန်တော်တို့ ချင်းပြည်နယ်ဟာ ဝေးလံသီခေါင်ပြီး သွားလာရေးခက်ခဲတဲ့ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု ၇၃ ရာခိုင်နှုန်းနဲ့ အနိမ့်ကျဆုံးဖြစ်နေတဲ့ ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုဟာလည်း အနိမ့်ကျဆုံးဖြစ်နေပါတယ်။ ချင်းပြည်နယ်ရှိ မြို့နယ်များကို နိုင်ငံတော်က ခန့်ထားစေလွှတ်တဲ့ ဆရာဝ န်များလည်း သုံးပုံတစ်ပုံလောက်သာ လာရောက်တာဝန်ထမ်းဆောင်နေကြပါတယ်။ ဒါလည်း ကြာကြာမနေနိုင်ကြပါဘူး။ တစ်နှစ်လောက် လာရောက်တာဝန်ထမ်းဆောင်ကြတဲ့ သမားတော်များ၊ လက်ထောက်ဆရာ ဝန်များကို ကျေးဇူးတင် မဆုံးဖြစ်ရပါတယ်။ အလျဉ်းသင့်လို့ ကျွန်တော်တို့ မင်းတပ်မြို့နယ်ရဲ့ အနေအထားကို တင်ပြပါ့မယ်။

၂၀၀၉ ခုနှစ် မှာ ကျွန်တော်တို့ မင်းတပ်မြို့နယ်ဟာ ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီး ဖြစ်ပါတယ်။ အဲဒီမှာ သမားတော်များအဖြစ်နဲ့ OG တစ်ဦး၊ Surgeon တစ်ဦး၊ Physician တစ်ဦး ၊ ခေတ်မှန် တစ်ဦး၊ မေ့ဆေးဆရာဝန်တစ်ဦး၊ သမားတော်ငါးဦးနဲ့ လက်ထောက်ဆရာဝန် ခုနှစ် ဦး ခန့်ထား ပေးပါတယ်။ အဲဒီမှာ ကျွန်တော်တို့ မြို့နယ်မှာ ခု တင် ၁၀၀ ဆံ့ ဖြစ်တဲ့အတွက်ကြောင့်မိုလို့ အဲဒီအချိန်မှာ ရောက်လာတဲ့ ဆရာဝန်တွေဟာ နေရာထိုင်ခင်း အင်မတန် မှ ခက်ခဲပါတယ်။ အဲဒီလို နေရာထိုင်ခင်း ခက်ခဲတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ မြို့မှာရှိတဲ့ အာဏာပိုင်အဖွဲ့ အစည်းတွေနဲ့ ရပ်မိရပ်ဖတွေအားလုံး တော်တော် ဦးနှောက်ခဲရပါတယ်။ ဒါပေမယ့် ကုသိုလ် ကံကောင်းတော့ နောက်ဆုံး ကျွန်တော်တို့ နိုင်ငံတော်ဝန်ကြီးချုပ် ခရီးစဥ်မှာ မင်းတပ်မြို့ အနေအထားကို ရပ်မိရပ်ဖများအနေနဲ့ တင်ပြတဲ့အခါမှာ နို င်ငံတော်ဝန်ကြီးချုပ်က လေးခန်းတွဲ RC နှစ်ထပ်ဆောင်ဆရာဝန်နေအိမ်ကို ချထားပေးပါတယ်။ ဒါဟာလည်း ဆက်လက်ဆောင်ရွက် နေတာဟာ ၆၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပါတယ်။ အဲဒီ လို ကျွန်တော်တို့ ဆက်လက် ဆောင်ရွက်နေတဲ့ အချိန်မှာပဲ သုံးလ၊ လေးလ၊ ငါးလ၊ ခြောက်လလောက် ကြာတဲ့အခါမှာ ဒီ လက်ထောက်ဆရာဝန် ၇ ဦးက နေပြီးတော့မှ အခုတစ်ဦး၊ နှစ်ဦး၊ သုံးဦးနဲ့ ပြန်သွားတဲ့သူနဲ့ ထွက်သွားတဲ့သူနဲ့ အဲလိုနဲ့ နောက်ဆုံးပိတ်မှာ ဒီခု တင် ၁၀၀ ဆံ့ဆေးရုံကြီးမှာ လက် ထောက် ဆရာဝန်တစ်ဦးတည်းပဲ ကျန် ပါတော့တယ်။ ပြီးတော့ သမားတော်ကြီးများကလည်း အလှည့်ကျ နှစ်ယောက်တစ်တွဲ ၊ တစ်လနေ နောက်တစ်လ ပြန်ဆင်း၊ နောက် တစ်ယောက်ပြန်လာ အဲသလိုနဲ့ နှစ်ယောက်တွဲပြီးတော့မှ သူတို့ ဆောင်ရွက်တာ ဒီသမားတော်ကြီးများအနေနဲ့တော့ အဆင်ပြေ သလောက်ရှိပေမယ့် လက်ထောက်ဆရာဝန်ဟာ ကနေ့ထိတစ်ယောက်တည်းနဲ့ပဲ ခုတင် ၁၀၀ ဆံ့ ဆေးရုံမှာ လူနာတွေကို ကုသနေရပါတယ်။ ဒီ ဆရာဝန်လေးဟာလည်းပဲ အခု ၂ နှစ် တိတိ နိုဝင်ဘာဆိုရင် ၂နှစ်ပြည့်တော့မယ်။ တစ်ခါမှ သူ့ဒေသကို သူမပြန်ဘူး။ မိုးကုတ်က လက်ထောက် ဆရာဝန်လေး ဖြစ်ပါတယ်။ အဲ ဒီလို တာဝန်သိသိနဲ့ တာဝန်ထမ်းဆောင်တဲ့ ဆရာဝန်လည်း ရှိပါတယ်။ အင်မတန် ကျေးဇူးတင်စရာ ကောင်းပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သမားတော်ကြီးများဟာ ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေး အတွက် ဒေသအခြေအနေအရ သွားလာရေး ခက်ခဲတဲ့အတွက် ကွင်းဆင်းပြီးတော့ စောင့်ရှောက် နိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ယခုအခါမှာ ကျွန်တော်တို့ ချင်းပြည်နယ် မှာ တောင်ပေါ်မှာ မွေးပြီး တော့မှ တောင်ပေါ်မှာကြီး၊ မိဘများပါ ကျေးလက်မှာ နေထိုင်ကြတဲ့ ဒေသခံ ဆမ နံပါတ်ရရှိပြီး၊

လူငယ် လက်ထောက်ဆရာဝန်များ ထွက်ပေါ်လာတာ ၂ နှစ်ကျော် အလုပ်စောင့်နေသူများ ရှိပါတယ်။ ကျွန်တော်တို့ မင်းတပ်မြို့နယ်မှာ ၂ ဦး၊ မတူပီမြို့နယ်မှာ ၁ ဦး၊ ပလက်ဝမြို့နယ်မှာ ၁ ဦး၊ မန္တလေးဆေးတက္ကသိုလ် ကျောင်းဆင်းများ ဖြစ်ပါတယ်။ တီးတိန်မြို့နယ်မှာ ၃ ဦး၊ ဖလမ်းမြို့နယ်မှာ ၁ ဦး၊ ဟားခါးမြို့နယ်မှာ ၁ ဦး၊ မကွေးဆေးတက္ကသိုလ်ကျောင်းဆင်း ကျွန်တော်တို့ ချင်းပြည်နယ်မှာ လက်ထောက်ဆရာဝန်တွေ အလုပ် စောင့်နေတဲ့ လူငယ်တွေ ရှိပါတယ်။ ဒါကြောင့် ကျောင်းဆင်း အပတ်စဉ်ကိုမကြည့်ပဲ ဒေသရဲ့အခက်အခဲအရ ဦးစားပေး ပြည်နယ်အဖြစ် သတ်မှတ်ပေးပြီး မိမိတို့ဒေသ မြို့နယ်အသီးသီးမှာ လက်ထောက်ဆရာဝန်များအဖြစ် အမြန်ဆုံးခ န့်ထားပေးပါက ဆင်းရဲနွမ်းပါးမှု အနိမ့်အကျဆုံး ဖြစ်သော ကျွန်တော်တို့ ချင်းပြည်နယ်ရှိ ကျေးလက် နေ ပြည်သူ များရဲ့ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးလက်ဒေသအရောက် ကွင်းဆင်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒုတိယ ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၁၁ ခုနှစ် လဆန်းပိုင်းမှာ နိုင်ငံတော်က ကျွန်တော်တို့ မင်းတပ်မြို့နယ် ဝမ္မသူးတိုက်နယ်ဆေးရုံမှာ ဆရာဝန်တစ်ဦး ခန့်ထားပေးပါတယ်။ ဝမ္မသူးတိုက်နယ် ဆေးရုံဆိုတာ နှစ်ပေါင်း ၂၀ ဆရာဝန် မရောက်တဲ့နေရာဖြစ်ပါတယ်။ ဒါကြောင့် ကျေးလက်နေ ပြည်သူများနဲ့ ရွာသူရွာသား များသာ အင်မတန်မှ ဝမ်းမြောက်ဝမ်းသာ ဖြစ် ကြပါတယ်။ ဒါပေမယ့် ကျွန်တော် ဒီအစည်းဝေးကို မလာခင်မှာ ချင်းပြည်နယ် ၊ပြည်နယ် ဝန်ကြီးချုပ် ကျွန်တော်တို့ မင်းတပ်မြို့နယ်ကိုရောက်လာလို့ အစည်းအဝေးလုပ်တဲ့အချိန်မှာ ခရိုင်ဆရာဝန်ကြီး က တင်ပြလာပါတယ်။ ခန့်ထားတာလနဲ့ ချီပြီးမှ အခု ရောက်လာတယ်။ မနေ့က ရောက်လာ တယ်။ ရောက်လာပြီး ပစ္စည်းတွေ ပြန်ယူဖို့ဆိုပြီးတော့ ပြန်ဆင်းသွား တာဟာ လနဲ့ချီပြီးတော့မှ အခု ဆက်သွယ်လို့လည်း မရတော့ဘူး။ ဒီလိုအစည်းအဝေးမှာ တင်ပြလာတယ်။ ဒီလို ကျွန်တော်တို့ရဲ့ ချင်းပြည်နယ်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အ ခြေအနေဟာ မြို့နယ်တိုင်းလိုလို အဲဒီလို အနေအထားမျိုးလေးတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုက ကျွန်တော်တို့ ချင်းပြည်နယ်နဲ့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်နဲ့ သူနာပြုသားဖွားသင်တန်းဆင်းပြီးသူများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ စေလွှတ်သည့် သားဖွားဆရာမ သင်တန်းဆင်းပြီး ဒေသခံများကို လည်း ကျေးလက်ဒေသရှိလစ်လပ်နေရာများမှာ အမြန်ဆုံးခန့်ထားပေးနိုင်ပါက ကျေးလက်နေ ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အင်တိုက်အားတိုက်လုပ်ဆောင်နိုင်ကြမှာ ဖြစ်ပါ

တယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မိခင်နှင့်ကလေး စောင့်ရှောက်ရေးမှ စေလွှတ်တဲ့ သားဖွားဆရာမ များကို ချင်းပြည်နယ်ရှိ တ ချို့မြို့နယ်များရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများဟာ ရန်ပုံငွေအခက်အခဲရှိတဲ့အတွက် ၎င်းတို့ဌာနမှာ ခန့်ထားပေးနိုင်ခြင်း မရှိပါဘူး။ တစ်နှစ်ကျော်လုပ်အားပေးပြီး အသင်းက မပံ့ပိုးနိုင်တဲ့အတွက် ဆက်လက်လုပ်အားမပေးနိုင်ဘဲ အပြင်မှာရောက်နေတဲ့ သင်တန်းဆင်း ဆရာမလေးတွေ ရှိပါတယ်။ အဲဒီကနေပြီးတော့မှ အခု သူတို့ဟာ နိုင်ငံ့ဝန်ထမ်းကို ကူးပြောင်း အလုပ်လျှောက်ဖို့အတွက် ပြည်နယ်လူမှုဝန်ထမ်းဝန်ကြီးမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၏ ကန့်ကွက်ရန်မရှိကြောင်း၊ အမှန်တကယ် အခကြေးငွေခံစားခြင်း မရှိကြောင်း ဆိုတဲ့ ထောက်ခံချက်များနဲ့ ပြည်ထောင်စုဝန်ကြီးဌာနကို တင်ပြပြီး ခန့်ထားတဲ့ သားဖွားဆရာမလေးများကိုလည်း အမြန်ဆုံးခန့်ထားပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ရှိ မြို့များမှာ သူနာ ပြုသားဖွားများ နှစ်စဉ် မှန်မှန်ခန့်ထားပေးတာကိုတွေ့ရလို့လည်းဝမ်းသာမဆုံးဖြစ်ရပါတယ်။ အထူးသဖြင့် ၂၀၁၁ ခုနှစ်၊ နှစ်ဆန်းပိုင်းမှာ န ယ်စပ်ဒေသမှ သင်တန်းတက်ရောက်တဲ့ ၃ နှစ်ကျော် စောင့်နေရတဲ့ သူနာပြု ဆရာမလေးနှစ်ဦးကို မင်းတပ်မြို့နယ် ပြည်သူ့ဆေးရုံကြီးမှာ ခန့်ထားပေးတဲ့ အတွက် ဝမ်းမြောက် ဂုဏ်ယူရပါတယ်။ ဒါပေမယ့် အပတ်စဉ်စောပြီး ၄ နှစ်ကျော် စောင့်နေရတဲ့ ပလက်ဝမြို့နယ်မှ နယ်စပ်ဒေသမှ ကျောင်းဆင်း ပြီး သူနာပြုဆရာမလေးများနဲ့ မင်းတပ်မြို့နယ်မှ ၄ နှစ်ကျော် စောင့်နေရတဲ့ နယ်စပ်ဒေသမှ တက်ရောက်တဲ့ သားဖွားဆရာမလေးများ ကျန်နေပါသေးတယ်။ ဒီပုဂ္ဂိုလ်များကိုလည်း အမြန်ဆုံး ဆက်လက်ခန့်ထားပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါ တယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံး ဖြစ်နေတဲ့ ချင်းပြည်နယ်ကို ဦးစား ပေးဒေသအဖြစ် သတ်မှတ်ပြီး (က) ဆမရပြီး အလုပ်စောင့်နေတဲ့ ဒေသခံလူငယ်လက်ထောက်ဆရာဝန်လေးများကို လစ်လပ်နေတဲ့ နေရာများ မှာ အမြန်ဆုံး ခန့်ထားပေးနိုင်ခြင်း ရှိ /မရှိ။ (ခ) သင်တန်းဆင်းပြီး အလုပ်စောင့်နေတဲ့ ဒေသခံ သူနာပြုသားဖွား များ လစ်လပ်နေတဲ့နေရာများမှာ ခန့်ထားပေးနိုင်ခြင်း ရှိ/ မရှိ ဆိုတဲ့ မေးခွန်းကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တစ်နှစ်အောက် မွေးကင်းစကလေးငယ်များ သေပျောက်မှုနှုန်း၊ ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားချိန်ကာလ သေပျောက်မှုနှုန်း၊ ငါးနှစ်အောက် ကလေး ငယ်များ၏ အာဟာရချို့တဲ့မှု သို့မဟုတ် ရောဂါများကြောင့် သေပျောက်မှုနှုန်း စသည်တို့၏ ယနေ့ ယျ အနေအထားဖြစ်စဉ် အတိုးအလျော့သိလိုခြင်း၊ ဝေးလံခေါင်းပါးသော ကျေးလက်ဒေသနေ ပြည်သူပြည်သားများ၏ ကျန်းမာရေး အတွက် မည်သို့သော အစီအစဉ်များဖြင့် ဆောင်ရွက် ပေးနေကြောင်းကိုသိရှိလိုခြင်းနှင့် ကျောင်းကျန်းမာရေး ဆရာဝန် ခန့်ထားရေးတို့နှင့် စပ်လျဥ်း သည့် မေးခွန်းများ**

**အချိန်၊ ၁၄း ၂၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒန ယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ ကတစ်နှစ်အောက်မွေးကင်းစကလေးငယ်များသေပျောက်မှုနှုန်းကိုယ်ဝန်ဆောင် မိခင်များ ကိုယ်ဝန်ဆောင်စဉ်နှင့်မွေးဖွားချိန်ကာလ သေပျောက်မှုနှုန်းငါးနှစ်အောက် ကလေးငယ်များ ၏ အာဟာရချို့တဲ့မှု သို့မဟုတ် ရောဂါများကြောင့် သေပျောက်မှုနှုန်း စသည်တို့၏ ယနေ့ယျ အနေအထား ဖြစ်စဉ်အတိုးအလျော့ သိလိုခြင်းနှင့် စပ်လျဥ်းသည့် မေးခွန်းတစ်ခု၊ ဝေးလံခေါင်းပါး သော ကျေးလက်ဒေသနေ ပြည်သူပြည်သားများ၏ ကျန်းမာရေးအတွက် မည်သို့သောအစီအစဉ် များဖြင့် ဆောင်ရွက်ပေးနေကြောင်း သိရှိလိုခြင်းနှင့် စပ်လျဥ်းသည့် မေးခွန်းတစ်ခု၊ ကျောင်းကျန်းမာရေး ဆရာဝန်ခန့်ထားရေးနှင့် စပ်လျဥ်းသည့် မေးခွန်း တစ်ခု၊ စုစုပေါင်း မေးခွန်း ၃ ခုကို တ စ်ပေါင်း တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း ၂၀။**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ အမျိုးသား လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးအား အစဉ်ထာဝရ လေးစားပါကြောင်း ဦးစွာပန်ကြားအပ်ပါတယ် ခင်ဗျား။ အလားတူ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့်တကွ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကို အစဉ်ထာဝရလေးစားပါကြောင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုလည်းပဲ ထမင်း စီချိန်ဖြစ်တဲ့အတွက် အားနာပါတယ်။ ဒါကြောင့် အားလုံး ကလည်း Request လုပ်ထားတဲ့အတွက် (၈)မှာပါတဲ့ ဝေးလံခေါင်းပါးသော ကျေးလက်ဒေသနေ

ပြည်သူပြည်သားများရဲ့ ကျန်းမာရေးအတွက် မည်သို့သော အစီအစဉ်များဖြင့် ဆောင်ရွက်ပေးနေကြောင်းကို သိရှိလိုခြင်း၊ ဒါကတော့ ပြည်ထောင်စုသမ္မတ ကြီးရဲ့ Primary Income ပဲ ရရှာတဲ့ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု အစီအစဉ်ကို ကျွန်တော်ထောက်ခံတဲ့ အနေနဲ့ ဒီမေးခွန်းလေးကို ထည့်သွင်းပြီး မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကလည်းပဲ မွေးဖွားစဉ်က ကျေးလက်ဒေသက လာတဲ့အတွက် မိမိရဲ့ မွေးရပ်ကို မမေ့ စကောင်းဆိုတဲ့ သီချင်း လေးများ အတိုင်းပေါ့ ခင်ဗျား။ ထိုစကားအတိုင်းပါ။ ဒါကြောင့်မို့လို့ အဲဒီမေးခွန်း ကတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က ဦးတိုးဝင်း မေးမြန်းထားတဲ့အတွက် ကျွန်တော်မေးချင်တဲ့အနေအထားနဲ့ သဘောထားချင်း ထပ်တူထပ်မျှဖြစ်နေတဲ့အတွက် ဒီမေးခွန်းကိုတော့ ကျွန်တော်လျှော့ပေးလိုက်ပါ့မယ်။

ကျွန်တော် အဓိက ဆွေးနွေးချင်တဲ့ အကြောင်းကတော့ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ (ဇ)မှာပါတဲ့ တစ်နှစ်အောက် မွေးကင်းစကလေးငယ်များ သေပျောက်မှုနှုန်း Child Maternity And Mortality Rate၊ နောက် ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားချိန်ကာလ သေပျောက်မှုနှုန်း Maternity Mortality Rate ငါးနှစ်အောက် ကလေးငယ်များရဲ့ အာဟာရ ချို့တဲ့မှု သို့မဟုတ် အခြားရောဂါများကြောင့် သေပျောက်မှုနှုန်း Child Mortality Rate ဆိုပြီး ကျွန်တော် ၃ ခု ၊ ဒါလေးကိုတော့ နည်းနည်း ကျွန်တော် ဆွေးနွေးချင်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကိုလည်းပဲ မေတ္တာ၊ ကရုဏာစွားနိုင်အောင်လို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရဲ့ သဘောနည်းနည်းလေး လက်ဆောင်ပါးချင်လို့ပါ။ အဲဒီတော့ နံပါတ် ၁ က ကျွန်တော် ဒီမေးခွန်းကို ဘာကြောင့်မေးရသလဲ၊ အကြောင်းရှိပါတယ်။ ကျွန်တော်တို့ ကမ္ဘာ့နိုင်ငံအသီးသီး တိုးတက်နေတဲ့ နိုင်ငံအသီးသီးက ကျန်းမာရေးနဲ့ ပတ်သက်လို့တော့ ကျွန်တော်တို့ နိုင်ငံကို Challenge သိပ်မလုပ်ပါဘူး။ သို့သော် ကျွန်တော်တို့ကလည်း ဖွံ့ဖြိုးဆဲပါ။ အဲဒီတော့ အဲဒီမေးခွန်းကို ဘာကြောင့်မေးရသလဲဆိုတော့ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး အခြေအနေ၊ လူမှုရေးအခြေအနေ ဘယ်လောက်တိုးတက်သလဲဆိုတဲ့ ကျန်းမာရေး စံညွှန်းကို ပြတဲ့ Indicator ဖြစ်နေတဲ့ အတွက်ကြောင့်ပါ။ နောက်တစ်ခုကလည်းပဲ ကျွန် တော်တို့ ယခု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများထဲမှာပါတဲ့ ပါမောက္ခ ကြီး ဒေါက်တာမြဦးတို့ ၁၉၉၀ခုနှစ်လောက်ကတည်းက ဒီကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြင်ပနိုင်ငံ အသီးသီးကို သွားရောက်ပြီး ၁၉၉၀ ခုနှစ် ကနေပြီးတော့ ယနေ့ ၂၀၁၀ ခုနှစ် ထိပေါ့နော်။ တာဝန်ယူခဲ့တဲ့ အချိန်ပိုင်းမှာ ဆောင်ရွက်ခဲ့ရတဲ့ ဆောင်ရွက်မှု

လေးတွေ ဒါကျွန်တော် လေ့လာမိသလောက်ပါ။ ကျွန်တော့်ရဲ့ ဘဝကလည်း ဆရာဝန်ဆိုတော့ ဆေးပညာကိုပဲ အကျိုးပြုနိုင်တဲ့ စွမ်းအားရှိတဲ့အတွက် ဒါလေ့လာတဲ့ အတွက် သိရှိရတာပါ။ အဲတော့ အဲဒီလို ၁၉၉၀ ခုနှစ် ကနေပြီးတော့ ကျွန်တော်တို့ကြိုးစားလာခဲ့လိုက်ကြတာ သက္ကရာဇ် ၂၀၀၀ ကျတော့မှပဲ ဆရာကြီးတို့ ကြိုး စားမှုဟာ တကယ့်လက်တွေ့ လုပ်ရင်အောင်မြင်မယ်ဆိုတဲ့ ခုန သေနှုန်း ၃ ခုရဲ့ ပုံစံဟာ ထွက်လာပါတယ်။ ဒါကြောင့်မို့လို့၂၀၁၅ ခုနှစ် ကို ထောင်စုနှစ်ပန်းတိုင် ဆိုပြီးတော့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးကနေ Millennium Development Goals (MDGs) ဆိုတဲ့ MDG လေးရဲ့အောက်မှာ S Small လေးပါပါတယ်။ Goals ဆိုတဲ့အတွက် ကျွန်တော့်အသံ မပီလို့ဖြစ်ရင် ရှေ့လို့တော့ မထင်လိုက်ပါနဲ့။Goal ဂိုးလ် ပါ။ ဒါ မေခလာဆိုတဲ့ ဂိုး ဂိုး ဂိုးဆိုတဲ့ဟာက ဂိုးဝင်သွားမယ်။ ဒါကို ပြန်လိုက်တဲ့ အခါကျတော့ ပန်းတိုင်ပေါ့ ခင်ဗျား။ အဲ ဒီတော့ ထောင်စုနှစ် ပန်းတိုင်ဖြစ်တဲ့ ၂၀၁၅ ခုနှစ်ကို Target ထားပြီးတော့ ဆောင်ရွက်နေတဲ့ စီမံကိန်းဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ မကြာခင်က သမ္မတကြီး အာဆီယံထိပ်သီး အစည်းအဝေးကို သွားတဲ့အခါ မှာလည်းပဲ အာဆီယံအသိုက်အဝန်းရဲ့ ဆုံးဖြတ်ချက်မှာ ပြည်သူလူထုရဲ့ ကျန်းမာရေးကို အဓိက ထားပြီးတော့ ဆွေးနွေးလိုက်ပါတယ်။ ဒါကြောင့်မို့လို့ ပြည် သူများ အားလုံးပါဝင်တဲ့ လှုပ်ရှားမှု Masses Activity လှုပ်ရှားမှုလို့ပါတယ်။ နောက် တစ်နေ့ကလည်း ကျွန်တော်တို့ပြောပြီးပါပြီ။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနဟာဃခင်တုန်းကဆိုရင် Prevention is better than cure ကာကွယ်ခြင်းဟာ ကုသခြင်းထက်ကောင်း၏ လို့ပဲ ကျွန်တော်တို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေတ်မှာ ဒီလိုပဲ ဆောင်ပုဒ်တပ်နိုင်ခဲ့ပါတယ်။ အခု တပ်မတော်အစိုးရလက်ထက် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတအစိုးရ လက်ထက်မှာကတော့ ကျန်းမာရေး ဝန်ကြီးဌာနရဲ့ ဆောင်ပုဒ်က ပြောင်းမြောက်သွားပါပြီ။ (၁) သက်တမ်းစေ့နေထိုင်နိုင်ရေး၊ (၂) ရောဂါဘယကင်းဝေးရေးနဲ့ (၃)ရောဂါသိရှိလျှင် ကြိုတင်ရှာဖွေပြီး ကြိုတင်ကာကွယ်ရေး Early Warning and Respond ဆိုပြီး ထားတဲ့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးလှုပ်ရှားမှုဟာ အင်မတန်မှ အဆင့်အတန်း မြင့်တယ်ဆိုတာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ဂုဏ်ယူစရာကောင်း ပါတယ်။ ဒီကိရိယာနဲ့ ကျွန်တော်တို့ မခန့်ထားနိုင်တာတွေကတော့ တစ်နေ့ကလည်း ဆွေးနွေးခဲ့ သလိုပါပဲ။ တဖြည်းဖြည်းချင်းတော့ ဖြစ်လာမှာပါ။ အဲဒီတော့ ကျွန်တော်တို့ အခု အဲဒီ (၃)ချက်ဟာ ဘယ်လောက်အထိ နှုန်းရှိသလဲဆိုရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆိုထားတာကတော့ မိခင်တွေ ကိုယ်ဝန်ဆောင်စဉ်နဲ့မီးဖွားစဉ်မှာ တစ်နေ့မှာ ကမ္ဘာပေါ်မှာ ၁၆၀၀ နှုန်းနဲ့ သေတယ်။ ကလေးတွေ

ကတော့ ၅၀၀၀ နှုန်းနဲ့ သေတယ် ဆိုပြီးတော့ ကျွန်တော် နိုင်ငံခြားကလာတဲ့ စာစောင်တစ်ခုမှာ ကျွန်တော် လေ့လာသုံးသပ်မိ ခဲ့ပါတယ်။မြန်မာနိုင်ငံရဲ့နှုန်းကတော့ တစ်နှစ်အောက်ကလေးUnder One Year Age ကတော့ တစ်နေ့ကို ကျွန်တော်တို့၅၀၊ ၁၀၀၀မှာ ၅၀၊ ၁၀၀၀ အရှင်မွေးလိုက်ပြီ ဆိုရင် ၅၀ သေတယ်။ နောက် ကိုယ်ဝန်ဆောင်မိခင်များကတော့၁၀၀၀ မွေးလို့ရှိရင် ၃ ယောက်သေ တယ်။ နောက်တစ်ခါ ၅ နှစ်အောက် ကလေးငယ်များကတော့ ၁၀၀၀ မွေးခဲ့ရင် ၆၇ယောက် သေ တယ်ဆိုပြီးတော့ Record ရတယ်ဆိုတာကိုလည်းပဲ ပါမောက္ခဆရာကြီး ဦးမြဦးတို့ လက်ထက်မှာ ကျွန်တော်တို့ ဆောင်းပါးလေးတစ်ပုဒ် ဖတ်ခဲ့ရပါတယ်။ အဲဒါကြောင့်မို့လို့ ဒီ ၂၀၁၅ ခုနှစ် ရောက် သွားတဲ့အခါကျတော့ ကမ္ဘာပေါ်မှာ သေဆုံးနေတဲ့နှုန်းကိုလည်းပဲ သုံးချိုး နှစ်ချိုး၊ ဥပမာ ၉ ယောက် သေခဲ့တယ်ဆိုရင် ၃ ယောက်ပဲ သေရမယ်။ ၆ ယောက်ရှင်ရမယ်။ အဲဒီတော့ သုံးပုံတစ်ပုံ ကျွန်တော်တို့ ကျန်အောင်ဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ဆောင်ရွက်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်းပဲ၂၀၁၅ ဆိုတော့ ခုမှ ကျွန်တော်တို့ ၂၀၁၁ ဟုတ်လား။ ၂၀၁၂ ကိုဝင်ဖို့ ၄ လလောက် လိုသေးတယ်။ ဒါနှစ်စဥ် နှစ်စဥ် ကြိုးစားပြီး ကျွန်တော်တို့ မြန်မာနိုင်ငံ အတွက် ကျန်းမာရေးဝန်ကြီးဌာနကတကယ်လည်း လုပ်နေပါတယ်။ ဒါကြောင့်မို့လို့ ဂုဏ်ယူဖွယ်ရာ ဖြစ်တဲ့အကြောင်းလေးကို ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဘာတွေလုပ်ခဲ့ ကြသလဲ။ ကျန်းမာရေးဝန်ကြီးဌာနက အခု ၈ ရက် ၅ လပိုင်း ၂၀၁၀ ခုနှစ် မှာ ဆရာကြီး ဦးမြဦး တို့ကနေပြီးတော့ Dissermination Workshop On Drug Report Accessment Of Neutralization Of Emergency Obsterics Care In Myanmar ဆိုပြီးတော့ အရေးပေါ် သားဖွားမှု လုပ်ငန်းကို သင်တန်းတွေပို့ချခဲ့ပါတယ်။ အလားတူပဲ ၂၀၀၅ ခုနှစ် ကနေ ၂၀၁၀ ခုနှစ် အတွင်းမှာလည်းပဲ JICA, JOICFP ဆိုတဲ့ ဂျပန်ပူးပေါင်းရေးစောင့်ရှောက်မှု အဖွဲ့ကြီးကလည်းပဲ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ Project တစ်ခုလုပ်ဖို့ အတွက်ကူညီခဲ့တာကိုလည်း ကျွန်တော်တို့ တွေ့ခဲ့ရ ပါတယ်။ ၂၀၁၀ ခုနှစ်မှာကတော့ တနင်္သာရီ၊ မြိတ်မြို့မှာ ကျွန်တော်တို့ project တစ်ခုကို လုပ်ခဲ့ပါတယ်။ အဲဒါတွေမှာလည်း ပဲ အောင်မြင်တယ်ဆိုတာကို သိရှိခဲ့ရပါတယ်။ ဒါက ၂၀၁၀ ခုနှစ် ၊ ၈ ရက်၊ ၅ လပိုင်း အခြေအနေပါ။ နောက်တစ်ခါ ကျွန် တော်တို့ ဒီဘက်အခု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ခေတ်ရောက်လာတဲ့အခါကျတော့ ကျန်းမာရေးဝန်ကြီး ဌာနကလည်းပဲ ဘာပြောလိုက်လဲဆိုတော့ 29 April ပေါ့။ 29 April မှာကျတော့ ဒီ ပြည်ထောင်စုသမ္မတအစိုးရလက်ထက် ကျွန်တော်တို့ ကျန်းမာရေး ဝန်ကြီးဌာန ကျ န်းမာရေး

ဝန်ကြီး ကိုယ်တိုင်လည်း Child Survivor Forum Advocacy And Coordination Meeting New Born Network ဆိုပြီးတော့ မွေးကင်းစကလေးငယ် တွေ မေးခိုင်ရောဂါနဲ့ ဂျက်သက်ရောဂါ ပျောက်ကင်းမှုစီမံကိန်း ကွန်ယက်ကို ဆောင်ရွက်မှုလုပ်တော့မယ် ဆိုပြီးတော့ ကြေညာသွားပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာတာ ဝန်ယူခဲ့ကြတဲ့ ဝန်ကြီးတွေအနေနဲ့လည်းပဲ ခုန ကျွန်တော်တို့ပြောတဲ့ ၃ ချက် အပေါ်မှာ ၁ နှစ်အောက်ကလေးငယ်များ နောက် ၅ နှစ် အောက် ကလေးငယ်များရဲ့ ရှင်သန်ကြီးထွားရေးအတွက်ကို တာဝန်ယူပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာ နောက်တစ်ခါ Launching Ceremony Lesson Series On Health In South East Asia ဒီအရှေ့တောင်အာရှ ပြည်ပနိုင်ငံတွေမှလည်းပါဝင်တဲ့ အစည်းအဝေးကြီးတစ်ခုကိုလည်း ကျင်းပပြီး Emunization Programme နယ်စပ်ကနေရရှိပြီး ကျော်ဖြတ်လာမယ့် ဝေဒနာတွေ နော်။ ဒါတွေကိုလည်းပဲ တားဆီးကာကွယ်သွားမယ်ဆိုတဲ့ အစ ည်းအဝေးတစ်ခုကို ကျင်းပခဲ့ ပါတယ်။ ဒါတွေဟာ အားရစရာကောင်းပါတယ်ဆိုတာ ကျွန်တော် တို့ ဂုဏ်ယူဖွယ်ရာအဖြစ် တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီလို တင်ပြလိုက်တဲ့အတွက် အခုတလောကတော့ ကျွန်တော်ရင်းနှီးတဲ့ ဆရာဝန်ကြီး တစ်ယောက်နဲ့ တွေ့တဲ့အခါမှာ စာစောင်ထဲမှာ ဖတ်လိုက်ရပြီး ၈ သိန်းကျော် လျော့သွားတယ်လို့ပြောတယ်။ အဲဒီတော့ ၈သိန်းကျော် လျော့သွားတယ်ဆိုလို့ရှိရင်တော့ ဒီ Target ထားတဲ့ ၂၀၁၅ ခုနှစ်၊ ထောင်စုနှစ်ပန်းတိုင်မှာ သုံးပုံတစ်ပုံပဲ ကျန်စေရမယ်ဆိုတဲ့ ဟာ မှန်လာလိမ့် မယ်ဆိုပြီးတော့ ဆရာကြီးကလည်း ပြောပါတယ်။ အဲ ဒီတော့ ကျွန်တော်တို့လည်း ဒါပေမယ့် လို့ကွာ သူက ပြောတာကတော့ သိပ်ကိုဖွံ့ဖြိုး ဆဲဖြစ်နေတဲ့ နိုင်ငံတွေကတော့ ကျန်ဦးမှာပဲ ဆိုပြီးတော့ အဲဒီလို ဝေဖန်ပါတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီအတွက်ကို ကျွန်တော်တို့က စိတ်ပူပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ တစ်နှစ်အောက်ကလေးငယ်များရဲ့ သေပျောက်မှုနှုန်းကျဆင်းရေး၊ ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်စဥ်နှင့် မီးဖွားတဲ့ အချိန်မှာ အချိန်ရဲ့ သေပျောက်မှုနှုန်း ကျဆင်းရေး၊ ငါးနှစ်အောက် ကလေးငယ်များရဲ့ သေပျောက်မှုနှုန်း ကျဆင်းရေးကို ကျွန်တော်တို့ ဦးတည်ချင်တဲ့အတွက် ဆက်လက်ပြီးရရှိနေတဲ့ ခွန်အားနဲ့ တိုးချဲ့ပြီးတော့ ဆက်လက်ပြီး ဆောင်ရွက်နိုင်ပါစေ။ ဆောင် ရွက်ပေးနိုင်အောင်လည်း တိုက်တွန်းခြင်း ဖြစ်ပါတယ်။ အဲ ဒီတော့ ဒီဟာတွေလုပ်တဲ့အခါမှာ သူတို့ ဆရာကြီးတွေ လုပ်တဲ့အခါ Strength လို့ပါတယ်။ အားတွေ အားတွေ အဲဒီအားတွေကို တော့ ကျွန်တော်တို့က ဘာတွေတွေ့ရသလဲဆိုတော့ ကျွန် တော်တို့ မြန်မာနိုင်ငံက Masses Activity ကတော့ အရမ်းကို ဒီပြင်နိုင်ငံတွေထက်ကို ထူးချွန်ပါတယ်။

မြန်မာနိုင်ငံမိခင်နှင့် ကလေးများစောင့်ရှောက်ရေးအသင်းတွေ၊ နောက်မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တွေ နောက်တစ်ခါ အခုပြည်ပမှ လာရောက်ပြီးတော့ ရှင်သန်နေတဲ့ Save The Children တို့၊ World Vision တို့၊ နောက် WHO နဲ့ ဆက်စပ်ပြီးလာတဲ့ UNICEF, UNFPA လို့ ခေါ်တဲ့ United Nation Population Fund နောက် United Nation Development Programme နောက် International Bank Reconstruction and Development ဆိုတဲ့ အဖွဲ့အစည်းတွေကလည်းပဲကူညီနေမယ်ဆိုတော့ကျွန်တော်တို့ဒီခုနက သတ်မှတ်ထားတဲ့နှုန်းထားတွေဟာ လျော့ကျသွားမယ်။ ဒီလိုလျော့ကျသွားရင်ဖြင့် ကျွန်တော်တို့ နိုင်ငံဟာ ကျန်းမာရေးမှာ အထူးဆောင်ရွက်တယ်ဆိုတာကို ကျွန်တော်တို့နဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးဝမ်းမြောက်ဝမ်းသာစွာနဲ့ ဂုဏ်ယူနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ ပြည်ထော င်စုသမ္မတ နိုင်ငံတော်သက်တမ်းဟာ ၆ လခန့် မျှသာရှိသေးတဲ့အတွက် မည်ကဲ့သို့များ အခြေအနေရှိတယ် ဆိုတာကို ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မကြွလာနိုင်တဲ့အတွက် ပြည်ထောင်စုဒုတိယဝန်ကြီးကိုပဲ လေးစားစွာ မေးမြန်းအပ်ပါတယ်။

နောက်တစ်ခုကတော့ Last One ပါ။ ကျွန်တော်တို့ School Health လို့ ခေါ်ပါတယ်။ ကျောင်းကျန်းမာရေး ကျွန်တော်ကိုယ်တိုင်လည်း ပဲ နှစ် ၂၀ ကျော် တစ်လကို ၅၀၀ကျပ်နှုန်း နဲ့ ဝင်ပြီးတော့ ဆောင်ရွက်ခဲ့ပေးပါတယ်။ ကျွန်တော်တို့ ၁၉၈၀ ခုနှစ် ကနေပြီးတော့ သက္ကရာဇ် ၂၀၀၀ ထိအောင် နှစ် ၂၀ လုံးလုံး ဆောင်ရွက်ပေးခဲ့တဲ့အတွက် ကျွန်တော်ရဲ့ ဘဝနဲ့ထင်ဟပ်တဲ့ ကျောင်းကျန်းမာရေး ဆရာဝန်ပညာရေးလောကကိုလည်းပဲ သံယောဇဉ်ကြီးစွာနဲ့ ဒါ ကျွန်တော် ဒီမေးခွန်းလေးကို မေးခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျောင်းကျန်းမာရေးဆရာဝန်တွေဟာ အခုဆိုရင် ကျွန်တော် တစ်နေ့က စာစောင်လေးတစ်ခုကို ဖတ်လိုက်ရပါတယ်။ ကျန်းမာရေးဒုတိယဝန်ကြီးကို လေးစားပါတယ်။ ဖတ်လိုက်ရတဲ့ အကြောင်းလေး ကျွန်တော် ပြောပြတာပါ။ ၁၇ ရက်၊၈ လ ပြီးခဲ့တဲ့ လထဲမှာပေါ့နော်။ အဲဒီထဲမှာ ကျွန်တော်တို့ ဒေါက်တာ အောင်ထွန်း ကျန်းမာရေးဦးစီးဌာန ကနေ ဆောင်းပါးလေးတစ်ပုဒ်ရေးပါတယ်။ ကျောင်းကျန်းမာရေး အကြောင်းတော်တော်ကို ပြည့်စုံပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဒီထဲမှာ ပိုသိတာက အမျိုးသားကျန်းမာရေးစီမံကိန်း၊ လူထုစောင့်ရှောက်မှု စီမံချက်ထဲမှာ ဒီကျောင်းကျန်းမာရေးဟာ ပ ါပါတယ်ဆိုတာကို ကျွန်တော်တို့ထပ်ပြီးတော့တွေ့ရတဲ့ စကားလုံးအသစ်ပေါ့။ ကျွန်တော်တို့ကျောင်း ကျန်းမာရေးကတော့ဘာကြောင့်လဲ။ ကျွန်တော်တို့ လုပ်ရမယ့်လုပ်ငန်းတွေကတော့ သန့်ရှင်းစစ်ဆေးကုသပေး ကူးစက် နှိမ်နင်း

ကျွေးအာဟာရ သင်တန်း သုတေသနတဲ့။ ဒီ ကျောင်း ကျန်းမာရေးအတွက် ကလေးတွေက အရေးကြီးပါတယ်။ အဲ ဒီတော့ကလေးတွေရဲ့ တ စ်ကိုယ်ရည် သန့်ရှင်းရေး၊ သောက်သုံးရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အိမ်သာကထွက်လာတဲ့အခါမှာ လက်ဆေးတယ်၊ ဆပ်ပြာသုံးမယ်၊ ဒါလေးတွေ ကျွန်တော်တို့ မြို့နယ်တွေကိုပေါ့လေ။ အခု ဒီ ပြီးခဲ့တဲ့ လွှတ်တော် အားလပ်ရက်မှာ လည်းပဲ ကျောင်းတွေကို ကျွန်တော်တို့ လိုက်လံပြီးတော့ အားပေးစကား မေးမြန်းတဲ့အခါမှာ ဒါလေးတွေ ရှိသလားဆိုတော့ ကျောင်းတိုင်းလိုလိုဟာ အိမ်သာရဲ့ အရှေ့မှာ ဆပ်ပြာခွက်ကလေး တွေ လက်ဆေးဖို့ သွန်သင်ပေးတဲ့အကြောင်း ဆရာမတွေက အားလုံးပြောကြားကြပါတယ်။ ဒါလေး တွေပေါ့။ ကျန်းမာစစ်ဆေးကုသပေး ကူးစက် နှိမ်ကာ ကျွေးအာဟာရ သင်တန်း သုတေသနတဲ့။ ကျွန်တော်တို့ အာဟာရ ကျွေးမွေးခြင်း ဒါဟာလည်း ပဲ တတ် နိုင်သလောက် မိမိတို့ရဲ့ ဝန်းကျင်မှာ ရှိတဲ့ကျောင်းတွေကို အာဟာရဒါန ပြုနိုင် ကြရင် ပိုကောင်းပါတယ်။ ဒါမှလည်းပဲ ကျွန်တော်တို့ ကလေးတွေဟာကျန်းကျန်းမာမာနဲ့ကျန်းမာရေးရဲ့ အကျိုးကြောင်းတွေကို သိရှိလာမှာပါ။ကျန်းမာရေး ပညာရရှိဖို့ အရေးကြီးပါတယ်။ ဒီလိုကျောင်းသားတွေရဲ့ကျန်းမာရေးအခြေအနေ တစ်ယောက်ချင်း တစ်ယောက်ချင်းဆီက နေရသွားတဲ့အခါမှာ သူတို့ရဲ့ စုပေါင်းလိုက်တဲ့အခါမှာ မိသားစုဆီရောက် သွားပါတယ်။ မိသားစုအချင်းချင်း စုပေါင်းလိုက်တဲ့အခါမှာ ရပ်ကွက်ကို ပေါ်လာပါမယ်။ ရပ်ကွက်ကနေပြီး စုလိုက်တဲ့အခါမှာမြို့နယ် ဆင့်ကဲဆင့်ကဲပေါ့ Promote လုပ်ရင်းနဲ့ စုပေါင်းပြီး ကလေးတွေရဲ့ ကျောင်းသူကျောင်းသားဘဝရဲ့ တိုးတက်ရေးလမ်းကြောင်းကို ကျွန်တော်တို့ ဖွေရှာရပါမယ်။ အားလုံး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးကိုလည်း အားနာပါတယ်။ အထူးသဖြင့်ကတော့ ဆေးလိပ် ကင်းစင်ရေး ကျောင်းရဲ့အနီးနားမှာ ရောက်တဲ့ အခါမှာ နှိုးဆော်ကြပါ။ အမှိုက်ကင်းစင်ရေး၊ ခြင်ကျားကင်းစင်ရေးဆိုပြီးတော့ ဒါလေးတွေကို တော့ ကျွန်တော်တို့ ဆောင်ရွက်ကြပါ။ ကိုယ့်မြို့နယ် ကိုယ့်အတိုင်းတာနဲ့လည်း အားပေးနိုင်မယ် ဆိုလို့ရှိရင် ကျောင်းကျန်းမာရေး စံပြုဆု ချီးမြှင့်တာတို့ အကြံဉာဏ်လေးတွေ ကျန်း မာရေး ဝန်ကြီးဌာနမှ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များ ပူးပေါင်းပြီးတော့ အကြံပေးမယ်ဆိုရင် ကျောင်းကျန်းမာရေး ဟာ အဆင်ပြေကောင်းပါတယ်။ ကလေးသူငယ်များရဲ့ တ စ်သက်တာလုံး ကျန်းမာ ပျော်ရွှင်တဲ့ ဘဝကိုရရှိဖို့အတွက် Healthy Life Style ဖြစ်ဖို့ကို ကျွန်တော်တိုက်တွန်းချင်တဲ့ မေတ္တာ စေတနာနဲ့ ယနေ့ ကျောင်းကျန်းမာရေးဆရာဝန်များ ခန့်ထားမှုဟာတော့ သိပ်တော့ မထင်ဘူး ပေါ့လေ။ ဒါပေမယ့် မြို့နယ်ကျန်းမာရေးဦးစီးဌာနရဲ့ လက်အောက်မှာရှိတဲ့ ဆရာဝန်တွေ

ကျွန်တော်ရောက်ခဲ့တဲ့ ၄၊ ၅ မြို့နယ်မှာတော့ မေးလိုက် လို့ရှိရင် မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်အောက်မှာရှိတဲ့ ဆရာဝန်များကနေပြီးတော့ ကျောင်းကျန်းမာရေးကိစ္စများကို တစ်ယောက် တစ်လှည့်စီ တာဝန်ယူပြီး ပြည့်ပြည့်စုံစုံ ဆောင်ရွက်နေပါတယ်ဆိုတာကို ကြားသိရတဲ့ အတွက် ဝမ်းသာပါတယ်။ နောက်အထူးဝမ်းသာရဆုံးက ကျွန်တော်တို့ လုပ်ခဲ့စဉ်က ကျောင်းကျန်းမာရေး ဆရာမပေါ့။ သူနာပြုဆရာမပဲ ရှိပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။အချိန်စေ့သွားပြီ။ မေးခွန်းဖြစ်တဲ့အတွက် မေးခွန်းလေးကိုပဲ ဦးတည်ပေးပါ။ ဆွေးနွေးတာမဟုတ်ပါဘူး။ ဒေါက်တာတင်ရွှေပြောတဲ့အထဲမှာ သင်လက်ဆေး ပြီးပြီလားဆိုတဲ့ဟာလေး တစ်ခုပဲကျန်ပါတော့တယ်။

**ဒေါက်တာတင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ အဲဒါကြောင့်မို့လို့ ကျောင်းကျန်းမာရေးဆရာဝန် ခန့်ထားရေးနဲ့ပတ်သက်လို့လည်းပဲ ကျွန်တော်အနည်းငယ်မျှ သိချင်ပါတယ်ဆိုတာလေးကို ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယပြည်ထောင်စု ဝန်ကြီး အား လေးလေး စားစားနဲ့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကို အစဉ်ထာဝရ လေးစား အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၄း ၃၄။**

**ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်(ဒုတိယဝန်ကြီး ၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာဂါရဝပြု ဆုတောင်း အပ်ပါတယ်။ ကျွန်မကတော့ ကျ န်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် ဖြစ်ပါတယ်။ အခု မေးမြန်း ထားတဲ့ မေးခွန်းများကို ပြန်လည် ဖြေကြား ပေးမှာဖြစ်ပါတယ်။ ပထမဦးဆုံး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးတိုးဝင်း ၏ မေးခွန်း ကို ပြန်လည်ဖြေကြားပေးမှာ ဖြ စ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲမှာရှိတဲ့ ချောင်းကဖီး ကျေးလက်ကျန်းမာရေးဌာနအောက်မှာ ရတနာပုံကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုဖွင့်လှစ် ထားရှိပြီး ဖြစ်ပါတယ်။ ယခင်က သားဖွားဆရာမတစ်ဦးကို တာဝန်ချထားခဲ့သော်လည်း လူမှုရေး အခက်အခဲကြောင့် သွားရောက် တာဝန်ထမ်းဆောင်ခဲ့ခြင်းမရှိသဖြင့် နောက်ထပ် သားဖွား ဆရာမတစ်ဦးကို ထပ်မံတာဝန်ချထားခဲ့ပါတယ်။ သို့ရာတွင် အဆိုပါ တာဝန်ချထားတဲ့ သားဖွား ဆရာမသည် သွားရောက် တာဝန်ထမ်းဆောင်မှု မရှိပါသဖြင့် သားဖွားဆရာမတစ်ဦး ထပ်မံ ခန့်ထားရန် စီစဉ် လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ရှင်။

ဒုတိယမေးခွန်းဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေရဲ့ ဒေသခံဆရာဝန်များ၊ သူနာပြုများနှင့် သားဖွားဆရာမများ ခန့်ထားနိုင်ခြင်း ရှိ/မရှိ မေးခွန်းအား ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ဆရာဝန်များ၊ သူနာပြုဆရာမများကို အသစ်ခန့်ထားတဲ့အခါမှာ ဒေသခံဆရာဝန်၊ သူနာပြုနှင့် သားဖွားဆရာမများကို ၎င်းတို့ရဲ့ဒေသမှာ ဦးစားပေးပြီး ခန့်ထားပေးလျက်ရှိပါတယ်။ ဆရာဝန် ၊ သူနာပြု၊သားဖွားဆရာမများကိုအသစ်ခန့်ထားရာမှာ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း များ အတိုင်း အဆင့်ဆင့် ဆောင်ရွက်ရပါသဖြင့် ချင်းပြည် နယ်မှ ဒေသခံဆရာဝန် မှတ်ပုံတင် ဆမ ရပြီး ဆရာဝန်များနှင့် သူနာပြုသားဖွားဆရာမများကို သီးခြားခန့်ထားပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် နောက်အသစ်ခန့်ထားခွင့်ရှိတဲ့အခါဆရာဝန်သစ်လွင်များ၊ သူနာပြု၊ သားဖွားဆရာမသစ်လွင်များ ခန့်ထားတဲ့အခါ ချင်းပြည်နယ်မှ ဒေသ ခံများကို ချင်းပြည်နယ်၌ ခန့်ထား ပေးမည် ဖြစ်ပါကြောင်း ပြန်ကြားအပ်ပါတယ်။မိခင်နဲ့ကလေးစောင့်ရှောက်ရေးအသင်းကိုယ်စားပြု တက်ရောက်ထားသော သင်တန်းဆင်းသားဖွားဆရာမများက မိခင်နဲ့ကလေးစောင့်ရှောက်ရေးအသင်းတွင် ၅ နှစ်တာဝန် ထမ်းဆောင်ပြီးပါက မိခင်နဲ့ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုမှ သဘောတူခွင့်ပြုချက်ဖြင့် ကျန်းမာရေးဦးစီးဌာနမှ ခန့်အပ်ပေးပါရန် လျှောက်ထားလာပါက ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ရယူ၍ ခန့်ထား ပေးရသော အစီအစဉ်များ ရှိခဲ့ပါသည်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး အစီအစဉ်မှ ကိုယ်စားပြု တက်ရောက်ထားသော သူနာပြုသားဖွားသင်တန်းဆင်းများ ခန့်ထားရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ခန့်ထားပေးနိုင်ခြင်း မရှိသဖြင့် ကျန်းမာရေးဦးစီးဌာနမှ ခန့်အပ် ပေးရန် ညှိနှိုင်းချက်အရ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနတို့မှ တစ်ဆင့်တင်ပြမှုအပေါ် ကျန်းမာရေးဝန်ကြီး ဌာန စီမံခန့်ခွဲရေးကော်မတီရဲ့အဆုံးအဖြတ် ဆုံးဖြတ် ချက်ဖြင့် ဆောင်ရွက်ပေးပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်ရှင့်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ ရဲ့ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် Millennium Development Goals-MDGs မှာ ပါဝင်တဲ့ ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ပြန်လည် ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်တွင်ပါဝင်တဲ့ ကျန်းမာရေးဆိုင်ရာအညွှန်း ကိန်းများကို ၁၉၉၀ ပြည့်နှစ် နှုန်းထားများကို အခြေခံ၍ ၂၀၁၅ ခုနှစ်တွင် အောက်ဖော်ပြပါအတိုင်း လျှော့ချရန် ရည်မှန်းထားပါတယ်။ (က)တစ်နှစ်အောက်ကလေးသေနှုန်းကို သုံးပုံနှစ်ပုံလျှော့ချရန် (ခ)ငါးနှစ်အောက် ကလေးသေနှုန်းကို သုံးပုံနှစ်ပုံလျှော့ချရန် ၊(ဂ) မိခင်သေနှုန်းကို လေးပုံသုံးပုံ လျှော့ချရန် ၊ (ဃ)ငါးနှစ်အောက်ကလေး ကိုယ်အလေးချိန် လျှော့နည်းမှုနှု န်းကို ထက်ဝက် လျှော့ချရန် တို့ ဖြစ်ပါတယ်။ (က) တစ်နှစ်အောက်ကလေးသေနှုန်း ၁၉၉၀ ပြည့်နှစ်မှာရှိသော အရှင်မွေး တစ်ထောင်လျှင် ၉၈ ဦး ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၃၂.၇ ဦးသို့ လျှော့ချရန် ရည်မှန်း ထားရှိပါတယ်။ ကျန်းမာရေးဦးစီးဌာနမှ ပြုလုပ်သော ၂၀၀၃ ခုနှစ် ငါးနှစ်အောက် ကလေးသေဆုံး ရခြင်း အကြောင်းအရင်းစစ်တမ်းအရ တစ်နှစ်အောက် ကလေးသေနှုန်းသည် အရှင်မွေး တစ်ထောင် လျှင် ၄၉.၇ ဦး ရှိပါတယ်။(ခ) ငါးနှစ်အောက်ကလေးသေနှုန်း ၁၉၉၀ ပြည့်နှစ်တွင်ရှိသော အရှင်မွေး တစ်ထောင်လျှင် ၁၃၀ ဦး ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၄၃.၃ ဦးသို့ လျှော့ချရန် ရည်မှန်း ထား ရှိပါတယ်။ ကျန်းမာရေးဦးစီးဌာနမှ ပြုလုပ်တဲ့ ၂၀၀၃ ခုနှစ် ငါးနှစ်အောက်ကလေး သေဆုံးရခြင်း အကြောင်းအရင်း စစ်တမ်းအရ ငါးနှစ်အောက်ကလေးသေနှုန်းသည် အရှင်မွေးတစ်ထောင်လျှင် ၆၆.၁ ဦး ရှိပါတယ်။(ဂ)မိခင်သေနှုန်း ၁၉၉၀ ပြည့်နှစ်မှရှိသော အရှင်မွေးတစ်သိန်းလျှင် ၄၂၀ ဦး ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၁၀၅ ဦးသို့ လျှော့ချရန် ရည်မှန်းထားရှိပါတယ်။ ကုလသမဂ္ဂ ခန့်မှန်းချက် အရ ၂၀၀၈ ခုနှစ်တွင် ၂၄၀ ဦး ရှိပါတယ်။ (ဃ) ငါးနှစ်အောက် ကလေး ကိုယ်အလေးချိန် လျော့နည်းမှုနှုန်း အမျိုးသား အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာန၏ ၁၉၉၇ ခုနှစ် စာရင်းအရ ငါးနှစ်အောက် ကလေး ၁၀၀ ဦးလျှင် ၃၉ ဦး၊ ၂၀၁၀ ခုနှစ်တွင် အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း ၂၀၀၉ - ၂၀၁၀ ခုနှစ်အရ ငါးနှစ်အောက်ကလေး ၁၀၀ ဦး လျှင် ၃၂ ဦးရှိပါတယ်။ ဖော်ပြပါ အညွှန်းကိန်းများသည် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်း လျော့နည်း ကျဆင်းလာမှုရှိပါတယ်။ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရရှိရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်မှုရှိသည်နှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနအနေဖြ င့် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ ရဲ့ကျေးလက်နေပြည်သူတို့ရဲ့ ကျန်းမာရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများ မေးခွန်းအား ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရာမှာ အမျိုးသားကျန်းမာရေးကော်မတီရဲ့ လမ်းညွှန်ချက်ဖြင့် ကျေးလက်နေ ပြည်သူ များရဲ့ ကျန်းမာရေး အဆင့်အတန်းကို တိုးမြှင့်ပေးနိုင်ရန်နှင့် မြို့ပြနှင့် ကျေးလက် ပြည်သူများ ကျန်းမာရေးကွာဟမှုကျဉ်းမြောင်းသွားစေရန် ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက်ကို ၂၀၁၁ ခုနှစ် မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ကျေးလက်နေ ပြည်သူများအနေဖြင့်ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိရန် ကျေးလက် ကျန်းမာရေး ဌာန၊ ဌာနခွဲများကို ၁၉၅၄ခုနှစ်မှ စတင်ဖွင့်လှစ် ခဲ့ပြီး နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ပြီးတော့ အခြေခံကျန်းမာရေးဝန်ထ မ်းများ ကိုလည်း လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါတယ်။ ယခု ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လကုန် အထိ ကျေးလက်ကျန်းမာရေးဌာန ၅၅ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း ၉၉ ခုကိုတိုးချဲ့ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုအတွက်လိုအပ်တဲ့ အဓိကဆေးဝါး များကိုလည်း ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများသို့ ပံ့ပိုးပေးလျက် ရှိပါတယ်။ နှစ်စဉ် တိုးတက် များပြားလာသော လူဦးရေကို ကျန်းမာရေး စောင့်ရှောက်မှု လွှမ်းခြုံမှုပေးနိုင်ရန် ကျေးလက် ကျန်းမာရေးဌာနတစ်ခုလျှင် လူဦးရေ ၂ သောင်းနှုန်းဖြစ်လာစေရန်အတွက်တစ်နှစ်လျှင် ကျေးလက် ကျန်းမာရေးဌာန အနည်းဆုံး ၅၀ မှ ၁၀၀ အထိ ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးသွားနိုင်ရန် ဆောင်ရွက် လျက်ရှိပါတယ်။ ထို့အပြင် ကျေးလက်နေပြည်သူများအတွက် ခရိုင်နှင့် မြို့နယ်အဆင့် တိုင်းရင်း ဆေးခန်း ၂၃၇ ခန်း ဖွင့်လှစ်ပြီး ကျေးရွာများအရောက် ကွင်းဆင်းကုသပေးလျက်ရှိပါတယ်။ ယင်း အတွက်ကုန်ကျသော ဆေးဝါးများကို နိုင်ငံတော်မှ ကုန်ကျပံ့ပိုးပေးပါတယ်။ ကျေးလက်နေ ပြည်သူများအတွက် တိုင်းရင်းဆေးဖြင့် ကုသရေးနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများကိုလည်း ကျေးလက်ဒေသရှိ ကျန်းမာရေးဝန်ထမ်းများဖြစ်သော တိုက်နယ်ဆရာဝန်များ၊ ကျန်းမာရေးမှူးများ၊ တိုင်းရင်းဆေးဆရာများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါ တယ်။ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် အရေးပေါ် သုံးတိုင်းရင်းဆေးသေတ္တာများကို နိုင်ငံတော်နှင့် စေတနာရှင် ပြည်သူများမှ ကျေးရွာပေါင်း ၅၈၅၀ ကို ဖြန့်ဝေပေးပြီး ဖြစ်ပါတယ်။ ဆက်လက်၍ နိုင်ငံတော်ရှိ ကျေးရွာများအားလုံးကို ဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်ကြား ဖြေကြားအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ့ ကျောင်းကျန်းမာရေးဆိုင်ရာ မေးခွန်းအားပြန်လည် ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးစီမံကိန်း၊ လူထုကျန်းမာရေး စောင့်ရှောက်မှုစီမံချက်မှာ တစ်ခုအပါအဝင်ဖြ စ်တဲ့ ကျော င်းကျန်းမာရေးလုပ်ငန်း စီမံချက်ဖြင့် မျိုးဆက်သစ် ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက် ရှိပါတယ်။ ထိုကဲ့သို့ဆောင်ရွက်ရာမှာ ကျန်းမာရေးဝန်ကြီးဌာန သာမက ကျောင်းသား၊ ကျောင်းသူ များအတွက် အဓိကဌာနဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေး ကော်မတီများဖြစ်တဲ့ ဗဟိုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့်ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းကာကျောင်းကျန်းမာရေးလုပ်ငန်းများကိုအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသော မြို့န ယ်ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးအဖွဲ့များ၊ မိခင်ကလေးကျန်းမာရေးအဖွဲ့များနှင့်အခြေခံကျန်းမာရေးဝန်ထမ်းတို့အားစဉ်ဆက်မပြတ် ကြီးကြပ် ကွပ်ကဲကာ လိုအပ်ချက်များ တတ်နိုင်သမျှ တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက် ရှိပါတယ်။ တဖန် နှစ်စဉ်တိုးတက်များပြားလာတဲ့ ကျောင်းနှင့် ကျောင်းသားဦးရေတို့အား ထိရောက်သော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက်ကျောင်းကျန်းမာရေးအဖွဲ့ ၈၀ ခု၊ မိခင်ကလေးကျန်းမာရေးဌာန ၅၂ ခု နှင့်အတူ မြို့နယ်တိုင်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ရဲ့ ဦးဆောင်ကြီးကြပ်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများမှာ သက်ဆိုင်ရာဒေသအလိုက်မြို့မှကျေးလက် ကျောင်းကျန်းမာရေး လုပ်ငန်းများအား ဆောင်ရွက်စေခြင်းဖြင့် အကောင်အထည်ဖော်လျက်ရှိပါတယ်။ ထို့ပြင် လက်ရှိ ခရိုင် ၄၇ ခုမှာ မိခင်ကလေး ကျောင်းကျန်းမာရေးအဖွဲ့များ ရှိနေရာမှ ၂၀၁၂ ခုနှစ် - ၂၀၁၆ ခုနှစ် အမျိုးသားကျန်းမာရေးစီမံကိန်းမှာကျန်ခရိုင်များအားလုံးကို မိခင်နှင့်ကလေး ကျောင်းကျန်းမာရေး အဖွဲ့များတိုးချဲ့ခန့်ထားပြီး ခရိုင်အလိုက် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များအား ပိုမိုလွှမ်းခြုံထိရောက်စွာ ဆောင်ရွက်နိုင်ရန် စီစဉ်ထားလျက် ရှိပါသည်။ တိုင်းဒေသ ကြီးနှင့် ပြည်နယ် ခရိုင်နှင့် မြို့နယ်အဆင့် အသီးသီးတွင် ကျောင်းကျန်းမာရေး အဖွဲ့များကို စံကိုက် ဖွဲ့စည်းပုံအတိုင်း မဖြစ်မနေ ထားရှိဆောင်ရွက်ရန် လိုအပ်ပါတယ်။ စံကိုက်ဖွဲ့စည်းပုံ မရှိသေးသော နေရာများ မှာ ဖွဲ့စည်းပုံများကို တိုးချဲ့ခန့်ထားရန် လိုအပ်ပါသည်။ ခရိုင်အဆင့် ကျန်းမာရေး ဦးစီးဌာနများမှ ပြည်သူ့ကျန်းမာရေး မဟာဘွဲ့ရရှိပြီးသော ဆရာဝန် တစ်ဦးခန့် ထားဆောင်ရွက်ခြင်းဖြင့် လိုအပ်သော ကျောင်းကျန်းမာရေး အပါအဝင် ပြည်သူ့ကျန်းမာရေး

လုပ်ငန်းများကို ကျေးလက်ဒေသအထိ ထိရောက်စွာ ကြီးကြပ်ဆောင်ရွက် နိုင်မည် ဖြစ်ပါကြောင်း ဖြေကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ၁၉ ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ၂၀ ရက်မြောက်နေ့အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်။ ၁၄း၄၅။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၉ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်။ ၁၄း၄၅။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ အစည်းအဝေးကို ၁၄ း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]